ကြေးမုံ

The Mirror

၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ (22-2-2006) (၄၈၇၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တွံတေးတံတား တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တွံတေးတံတား

- တွံတေးမြို့နယ် ဘုရားငုတ္တိုရွာအနီး တွံတေးတူးမြောင်းကို ဖြတ်သန်း တည်ဆောက်လျက်ရှိ၊
- ချဉ်းကပ်တံတားအရှည်ပေ ၂၇၃၀ နှင့် ပင်မတံတားအရှည် ပေ ၈၄၀၊
- တံတား ယာဉ်သွားလမ်း အကျယ် ၂၈ ပေ(၂လမ်းမောင်း)နှင့် တစ်ဖက်လျှင် လူသွားလမ်းအကျယ် ၄ ပေစီ၊
- တံတားခွင့်ပြု အလေးချိန် တန် ၆၀ ဖြစ်ပြီး ရေလမ်းကင်းလွတ်အမြင့် ၄၅ ပေနှင့် ရေလမ်းကင်းလွတ်အကျယ်ပေ ၇၀၀ ရှိ။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တွံတေးမြို့နယ်ရှိ တွံတေးတံတား တည်ဆောက်ပြီးစီးမှုနှင့် တွံတေး-ဒလ-လှိုင်သာယာ လမ်းဖောက်လုပ်မှု ကြည့်ရှုစစ်ဆေး စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးရေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ဘုရားငုတ္တိုရွာအနီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်လျက်ရှိသည့် တွံတေးတံတား တည်ဆောက်ရေးလုပ်ငန်းစီမံကိန်း လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရောက်ရှိရာ တပ်မတော်အရာရှိကြီးများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ်(တံတား) ဦးခင်မောင်အေး၊ ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

မှာကြား

ယင်းနောက် လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်က လှိုင်သာယာစက်မှုဇုန် အမှတ်(၅) လမ်းမကြီးမှ ဒလ–တွံတေး ကားလမ်းသို့ ဆက်သွယ်ဖောက်လုပ်သည့်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေ၊ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တွံတေးတံတား တည်ဆောက်ရေးစီမံကိန်း ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်နိုင်က တွံတေးတံတား တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လှိုင်သာယာ–ဒလ–တွံတေးလမ်းမှ ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ ရွာရှစ်ရွာသို့ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ▲**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၂၂-၂-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

အိမ်နီးချင်းကောင်း ပီသစွာဆက်ဆံမှု အလေးထား နှစ်နိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းမှု မြှင့်တင်နိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် တောတောင်ရေမြေချင်း ဆက်စပ်လျက်ရှိပြီး ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံမှုတို့ကို အလေးထားကြသဖြင့် နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းမှုကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်လျက်ရှိသည်။ အိမ်နီးချင်းနိုင်ငံခေါင်းဆောင်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရေးအတွက် အပြန်အလှန် လည်ပတ်မှုများလည်း ဖြစ်ထွန်းလျက်ရှိသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဖေဖော်ဝါရီလ ၁၄ ရက်မှ ၁၈ ရက်အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်၊ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုတို့နှင့် တွေ့ဆုံခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့် နည်းပညာစသည့် ကဏ္ဍစုံတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမို တိုးမြှင့်နိုင်ရေးအတွက် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာ-တရုတ်နှစ်နိုင်ငံ အစိုးရတို့အကြား သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာ ရှစ်ခုတို့ကို လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂွမ်ဒုန်းပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာတန်ဘင်းချွမ်သည် ဖေဖော်ဝါရီလ ၁၇ ရက်နေ့က ဂွမ်ကျိုးမြို့၌ တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက **မိမိတို့ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းများ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကြိုးစားအားထုတ်မှုကောင်းများကြောင့် လက်တွေ့အောင်မြင်မှု အကျိုးကျေးဇူးများ ရရှိခံစားနေရပြီဖြစ်ကြောင်း၊ ဤကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဒေသတွင်းနိုင်ငံများ၊ အထူးသဖြင့် မိတ်ဆွေရင်းနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း** ပြောကြားသည်။

ဂွမ်ဒုန်းပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာတန်ဘင်းချွမ်ကလည်း **ဂွမ်ဒုန်းပြည်နယ်သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံရှိ ပြည်နယ်များအနက် လူမှုရေးအတည်ငြိမ်ဆုံး၊ စီးပွားဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံး၊ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြည်နယ်ဖြစ်ကြောင်း၊ ဤကဲ့သို့ အောင်မြင်မှုများရရှိခြင်းမှာလည်း မြန်မာနိုင်ငံအပါအဝင် မိတ်ဆွေနိုင်ငံများ၏ ကူညီမှု၊ အားပေးထောက်ခံမှုများကြောင့်ဖြစ်ကြောင်း** ပြောကြားသည်။

မြန်မာနှင့်တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံအကျိုးစီးပွားကို အပြန်အလှန်စောင့်ရှောက်ကြကာ တစ်နိုင်ငံကို တစ်နိုင်ငံက ထောက်ခံခဲ့သည့် အစဉ်အလာများရှိသည်။ နှစ်နိုင်ငံခေါင်းဆောင်များက ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့အတွက် ဆန္ဒရှိကြသည်နှင့်အညီ ဆက်လက်အကောင်အထည် ဖော်လျက်ရှိကြသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာနှင့်တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်နိုင်ပြီး နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မြဲစေမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၉၁ လမ်းတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးအရှေ့ ၉၁ လမ်း ဝါတွင်းဝါပ ဆွမ်းလောင်းဓမ္မာရုံ မိသားစုက ကြီးမှူးကျင်းပသော ပထမအကြိမ် အထူးတရားပွဲအဖြစ် ဖေဖော်ဝါရီ ၂၃ရက်တွင် ဦးရေဝတ (ကြာနီကန်)၊ ၂၄ရက်တွင်အရှင် ကောသလ္လ (ဓမ္မစေတီ)၊ ၂၅ရက်တွင် မေတ္တာအေး အရှင်သုဇာတ၊ ၂၆ရက်တွင် အရှင် အာစာရာလင်္ကာရ (၉)ဘွဲ့ရ၊ ၂၇ရက်တွင် ဒေါက်တာအရှင်ကောဝိဒ (မဇ္ဈိမဂုဏ်ရည်) ဆရာတော်တို့က ည ၇နာရီတွင် ၉၁ လမ်း ဓမ္မာရုံ၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

တရားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကဒါကျေးရွာ(ကုံပိစု) ဗုဒ္ဓသာသနရက္ခိတ ဘေးမဲ့ ဘုန်းတော်ကြီးကျောင်းတွင် မတ် ၃ရက်(သောကြာနေ့)တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ အောက်ကျင်းရပ်ကွက် ဘေးမဲ့ရိပ်သာ အထက်ခြံကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တသုန္ဒရ၊ မတ် ၄ရက်(စနေနေ့)နှင့် မတ် ၅ရက် (တနင်္ဂနွေနေ့)တို့တွင် သာသနာပြု နယ်လှည့်ဓမ္မကထိက အစိုးရဓမ္မာစရိယ စစ်ကိုင်းဦးခေမိန္ဒ (ခင်မကန်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်း)တို့က ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

မြန်မာနိုင်ငံ၌ ခြစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ အောင်မြင်စွာထုတ်လုပ်နိုင်ပြီ

ဇီဝဒီဇယ်ဆီကို စနစ်တကျထုတ်လုပ်သုံးစွဲ

ခြံစည်းရိုးကြက်ဆူပင်သည် စိုက်ပျိုးရလွယ်ကူသည်။ နှစ်ရှည်သီးနှံပင်မျိုးဖြစ်သော်လည်း အသီးအထွက်နှုန်းမြန်ဆန်သည်။ အသုံးဝင်အကျိုးဖြစ်ထွန်းမှုမှာလည်း များပြားသည်။ ထိုသို့ဘက်စုံအကျိုးများသော ခြံစည်းရိုးကြက်ဆူပင်၏ အသီးမှ ကြက်ဆူဆီထုတ်ယူရသည်မှာလည်း ခက်ခဲမှုမရှိချေ။

တစ်ပိုင်တစ်နိုင်ထုတ်လုပ်

ကြက်ဆူဆီ ထုတ်လုပ်ရာတွင် အရင်းအနှီးများသော စက်ပစ္စည်းအကြီးစားများ သုံးရန်မလိုဘဲ ကျေးလက်ဒေသရှိ နေအိမ်များတွင်ပင် တစ်ပိုင်တစ်နိုင် စက်ငယ်များဖြင့် ထုတ်လုပ်နိုင်ပေသည်။ ခြံစည်းရိုးကြက်ဆူဆီကို လက်အားဖြင့်သုံးသော လက်လှည့် ဖိစက်ဖြင့်လည်းကောင်း၊ ဟိုက်ဒရောလစ် ဖိစက်ဖြင့်လည်းကောင်း၊ လွန်သွား ကြိတ်စက်ဖြင့်လည်းကောင်း အဆီထုတ်နိုင်သည်။

မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ် ပေါက်တပင်ကျေးရွာတွင် ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်အတွင်း အစေ့ပျိုးပင်နှင့် ကိုင်းပျိုးပင်များ ပျိုးထောင်ထားမှုကို တွေ့ရစဉ်။

စနစ်တကျလုပ်ဆောင်

ခြံစည်းရိုးကြက်ဆူစေ့ကို ဆီမကြိတ်သေးဘဲ အစေ့အတိုင်း သိုလှောင်ထားမည်ဆိုလျှင် စနစ်တကျသိုလှောင်ထားရမည်ဖြစ်သည်။ သိုလှောင်မှုစနစ်မကျပါက ဆီအထွက်နှုန်းလျော့ကျနိုင်ပေသည်။ ထို့ကြောင့် လတ်လတ်ဆတ်ဆတ်ကြိတ်ပြီး ရလာသောဆီကို ပိတ်စိမ်းပါးနှင့်စစ်ပြီး မြန်နှုန်းနိမ့်တစ်လုံးထိုးအင်ဂျင်၊ ထွန်စက်ငယ်၊ မီးစက်၊ ရေတင်စက်၊ ခြွေလှေ့စက်၊ ရေယာဉ်ငယ်များတွင် တိုက်ရိုက်သုံးနိုင်ပြီး အင်ဂျင်နှင့်ပန့်များ၏ သန့်ရှင်းရေးကို ဂရုစိုက်ပေးရမည်ဖြစ်သည်။

ပတ်ဝန်းကျင်ကိုထိန်းသိမ်းနိုင်

ဇီဝဒီဇယ်ဆီသည် လေထုညစ်ညမ်းမှုကို လျော့ပါးသက်သာစေသည်။ ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိသဖြင့် လူတို့၏ကျန်းမာရေးကို ထိခိုက်မှုမရှိချေ။ ဇီဝဒီဇယ်ဆီကို စက်များတွင် အသုံးပြုနိုင်ခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို လျော့နည်းသက်သာစေပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကိုပါ အထောက်အကူ ပြုနိုင်သည်ဖြစ်ရာ ထုတ်လုပ်သူရော၊ သုံးစွဲသူများပါ စနစ်တကျထုတ်လုပ်သုံးစွဲကြရန် ဖြစ်ပါသည်။

ထူးခြားသည့်ညအပူချိန်များ

၂၁-၂-၂၀၀၆
ဟားခါး
၆ ဒီဂရီ စင်တီဂရိတ်

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးသည့် ကံလှကျေးရွာ ကံလှကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်က ကျင်းပစဉ်။

(မြို့နယ်စည်ပင်)

ပေးအပ်လှူဒါန်း

ကွယ်လွန်သူမိခင်ကြီး ဒေါ်စောတင် အားရည်စူး၍ ရန်ကုန်မြို့ လသာမြို့နယ် (၂၄)လမ်းနေ ဦးတင့်အောင်-ဒေါ်ကျင်ကျင်လှနှင့် သားများက ဒဂုံမြို့နယ် အမှတ်(၁၂) **စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော် တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး အဆောက်အအုံအတွက် အလှူတော်ငွေကျပ်နှစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ ရန်ကုန်ဌာန အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)



▲ **ရှေ့ဖုံးမှ**

ဆက်သွယ်မည့် ကားလမ်းနှင့် တံတားများ ဖောက်လုပ်တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ ဒလ၊ လက်ခုပ်ကုန်း၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း ဒေသလမ်းများအခြေအနေနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တွံတေး တံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အဆိုပါ တွံတေးတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ခြင်းဖြစ်ပြီး တွံတေးမြို့နယ် ဘုရားငုတ်တို့ရွာအနီးတွင် တည်ရှိသည်။ တံတားအမျိုးအစားမှာ အောက်ထည် သံကူကွန်ကရစ်နှင့် အပေါ်ထည်မှာ သံမဏိကြိုးဆိုင်းတံတား အမျိုးအစားဖြစ်သည်။

တံတားသည် တွံတေးတူးမြောင်းကို ဖြတ်သန်းတည်ဆောက်လျက်ရှိပြီး ချဉ်းကပ်တံတား အရှည် ပေ ၂၇၃၀ နှင့် ပင်မတံတားအရှည် ပေ ၈၄၀ ရှိသည်။ တံတားယာဉ်သွားလမ်းအကျယ်မှာ ၂၈ ပေ (နှစ်လမ်းမောင်း)နှင့် တစ်ဖက်လျှင် လူသွားလမ်းအကျယ် လေးပေစီရှိသည်။ တံတားခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ပြီး ရေလမ်းကင်းလွတ်အမြင့်မှာ ၄၅ ပေနှင့် ရေလမ်းကင်းလွတ် အကျယ်မှာ ပေ ၇၀၀ ရှိသည်။

လှိုင်သာယာမြို့နယ် စက်မှုဇုန် အမှတ်(၅) လမ်းမကြီးမှ ဒလ-တွံတေး ကားလမ်းသို့ ဆက်သွယ်ဖောက်လုပ်သည့်လမ်းကို ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၆)က တာဝန်ယူ ဖောက်လုပ်ခြင်းဖြစ်ပြီး ၁၁ မိုင် ၁ ဖာလုံ ရှည်လျားသည်။

လမ်းအကျယ်ပေ ၅၀ ရှိ မြေသားတာပေါင်ခင်းခြင်း လုပ်ငန်းပြီးစီးနေပြီး ယင်းအပေါ်မှ တောင်မြေဖြင့် ၃၆ ပေအကျယ် လမ်းခင်းခြင်း ကိုးမိုင်နှင့် ကတ္တရာခင်းခြင်း ၁မိုင်၄ဖာလုံ ပြီးစီးနေပြီဖြစ်သည်။ အဆိုပါလမ်းကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တွံတေး-ဒလ-လှိုင်သာယာလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး လမ်းဖောက်လုပ်ပြီးစီးမှုနှင့် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တွံတေးတံတား တည်ဆောက်ရေးစီမံကိန်း ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်နိုင်က တံတားတည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်ရှိ ဘိုးဒေါနကုန်းကျေးရွာ ဖြိုးဂုဏ်ရည် စာကြည့်တိုက်အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး၊ ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက အလှူငွေကျပ်လေးသောင်းနှင့် မဂ္ဂဇင်း၊ ဂျာနယ်၊ ဝတ္ထု စာအုပ်မျိုးစုံကို စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေးထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက အလှူငွေနှင့် စာအုပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ကျေးလက်ပြည်သူများ အသိဉာဏ်ဗဟုသုတ တိုးတက်မြင့်မားစေရန်နှင့် စာပေဖတ်ရှုလေ့လာသည့် အလေ့အထ ပွားများလာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်ရှိ ဘိုးဒေါနကုန်းကျေးရွာ ဖြိုးဂုဏ်ရည်စာကြည့်တိုက်အတွက် အလှူငွေနှင့်စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၉နာရီခွဲတွင် အဆိုပါကျေးရွာရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး၊ ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ ဒုတိယဌာနကြီးမှူး ဒေါ်မြမြနှင့် အဖွဲ့ဝင်များ၊ မှော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အမှာစကား

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး၊ ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး၊ ဌာနကြီးမှူးက အလှူငွေကျပ်လေးသောင်းနှင့် မဂ္ဂဇင်း၊ ဂျာနယ်၊ ဝတ္ထုစာအုပ်မျိုးစုံ ၁၁၂၀ ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေးက လက်ခံသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်နှင့်အဖွဲ့က ရေဒီယိုတစ်လုံးနှင့် စာအုပ် ၆၀၀ ကိုလည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က လှူဒါန်းသည့် အလှူငွေကျပ် တစ်သောင်းနှင့် စာအုပ်မျိုးစုံကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး အဖွဲ့ဝင် ဒေါ်နန်းဖြူဖြူညွှန့်က လည်းကောင်း၊ မှော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်စိုးက ငွေကျပ် နှစ်သောင်းကို လည်းကောင်း၊ မှော်ဘီမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဝေက စာအုပ်မျိုးစုံ ၅၀ ကို လည်းကောင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၅၂၀၀၀ တန်ဖိုးရှိ ဗီရို၊ စားပွဲ၊ ခုံတန်းရှည်တို့ကို လည်းကောင်း၊ ချမ်းသာစာပေတိုက်မှ ဆရာ ဦးရဲမြင့်က သုတ၊ရသ စာအုပ် ၂၆အုပ်ကိုလည်းကောင်း၊ ရပ်မိရပ်ဖ ဦးစိုးငြိမ်းက အလှူငွေကျပ် ၁၅၀၀၀ ကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ ကျေးရွာစာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေးက လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

လက်ခံ

ယင်းနောက် ပြန်ကြားရေးရာဌာနကြီး၊ ဌာနကြီးမှူးက ကျေးရွာအခြေခံပညာ မူလတန်းလွန်ကျောင်းအတွက် အလှူငွေကျပ် နှစ်သောင်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေခိုင်အေးက လက်ခံသည်။

အခမ်းအနားအပြီးတွင် ဌာနကြီးမှူးနှင့် အဖွဲ့ဝင်များသည် ဖြိုးဂုဏ်ရည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

မော်လမြိုင်မြို့နယ် ပြည်တွင်းကုန်တင်၊ ကုန်ချ ကော်မတီကကြီးမှူး၍ ၂၀၀၅ခုနှစ် တစ်နှစ်တာလုပ်အားယှဉ်ပြိုင် ရက်မှန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက်က ကော်မတီရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ မြို့နယ်အလုပ်သမားဦးစီးအရာရှိ ဦးထွန်းရှန်က ရက်မှန်ပထမဆုရ ဦးမျိုးနိုင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(၂၅၇)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲ ဂန့်ဂေါခရိုင်တွင် ကျင်းပ

ဂန့်ဂေါ ဖေဖော်ဝါရီ ၃

ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး စာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲ (၁/၂၀၀၆)ဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက်က ဂန့်ဂေါခရိုင် ကျောက်ထုမြို့ မိအယ်ကျေးရွာ ရာစုသစ်စာကြည့်တိုက်တွင်ကျင်းပရာ ကျောက်ထုမြို့ အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကားပြောကြား၍ ကျောက်ထုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမနားယောက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောက်ထုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမနားယောနှင့် ရန်ကုန်မြို့မှ ဦးမြင့်ဦး(ခ)ဦးတင်ထွေးတို့က စာအုပ်မျိုးစုံ အုပ်ရေသုံးရာကျော်ကို မိအယ်ရွာ ရာစုသစ်စာကြည့်တိုက်တာဝန်ခံ ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးဇော်မင်းထံ ပေးအပ်လှူဒါန်းသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မိအယ်ရွာနှင့်အနီးပတ်ဝန်းကျင်ကျေးရွာ ရှစ်ရွာမှာ စာကြည့်တိုက်ကိုယ်စားလှယ် ၁၆ဦးတို့ တက်ရောက်ကြသည်။

(၄၆၅)

တရုတ်ကုန်ပစ္စည်းများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပိုမိုဝယ်ယူတင်သွင်း

ဒါကာ ဖေဖော်ဝါရီ ၂၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ သွင်းကုန်လုပ်ငန်းတွင် တရုတ်နိုင်ငံသည် အဓိက ကုန်စည်တင်ပို့သော နိုင်ငံဖြစ်လာကြောင်း၊ ထိုသို့ဖြစ်လာခြင်းသည် အိန္ဒိယနိုင်ငံ၏ တင်ပို့ကုန်လုပ်ငန်းအပေါ် ပထမဆုံးအဖြစ် သက်ရောက်ခဲ့ခြင်းပင်ဖြစ်ကြောင်း ဒေးလီးစတားသတင်းစာက ဖေဖော်ဝါရီ ၁၉ရက်တွင် ရေးသားဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၀၅ခုနှစ်ဇူလိုင်မှ ၂၀၀၆ခုနှစ် ဇွန်လအထိ ဘဏ္ဍာရေးနှစ်ကာလအတွင်း ဇူလိုင်လမှ စက်တင်ဘာလထိ တရုတ်နိုင်ငံမှ တင်ပို့ကုန်တန်ဖိုးသည် တာကာ ၃၂၁သမ၁၄ ဘီလီယံ (အမေရိကန် ဒေါ်လာ ၄၉၄၁သမ၅သန်း)ရှိပြီး၊ အလားတူကာလ၌ အိန္ဒိယနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့ကုန်တန်ဖိုးသည် တာကာ ၂၇၁သမ၈ဘီလီယံ (အမေရိကန်ဒေါ်လာ ၄၁၆၁သမ၆သန်း)ရှိကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ သွင်းကုန်ထုတ်ကုန်စာရင်းအင်းဌာန(စီစီအိုင်အီး)၏ စာရင်းအင်းများအရ သိရှိရသည်။

ဘင်္ဂလားဒေ့ရှ်ဈေးကွက်တွင် ယခင်က တင်ပို့ကုန် အများဆုံးနိုင်ငံသည် အိန္ဒိယနိုင်ငံဖြစ်ခဲ့ရာမှ ယခုအခါ တရုတ်နိုင်ငံက ထိုနေရာကို ရယူလိုက်သည်ဟု ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ သတင်းတွင် ဖော်ပြသည်။

၂၀၀၅-၂၀၀၆ခုနှစ် ဘဏ္ဍာရေးနှစ်၏ ပထမသုံးလပတ်တွင် ချည်ထည်၊ စက်ယန္တရားနှင့် ဓာတုဆိုးဆေးတို့ကို တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့သည်။

တရုတ်နိုင်ငံမှ တင်သွင်းသော အထည်အလိပ်တန်ဖိုးသည် တာကာ ၁၆ဒသမ၅၄ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၅၄ဒသမ၅သန်း) ရှိပြီး အဆိုပါ ကုန်ပစ္စည်းကို အိန္ဒိယနိုင်ငံမှ တာကာ ၅ဒသမ ၂၆ဘီလီယံ (အမေရိကန်ဒေါ်လာ ၈၁သန်း)ဖိုး တင်သွင်းခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း တရုတ်နိုင်ငံမှ အကြီးစားစက်ပစ္စည်းတင်သွင်းမှုတန်ဖိုးမှာ တာကာ ၆ဒသမ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၀၁ ဒသမ ၅ သန်း)ဖိုးရှိပြီး အိန္ဒိယနိုင်ငံမှ တင်သွင်းမှုတန်ဖိုးမှာ တာကာ ၃ ဒသမ၃၅ဘီလီယံ (အမေရိကန်ဒေါ်လာ ၅၁ဒသမ ၅သန်း) ရှိကြောင်း သိရသည်။

ထို့အပြင် ဓာတုဆိုးဆေးတင်သွင်းမှုတွင် တရုတ်နိုင်ငံမှ တာကာ ၃ဒသမ၇၃ ဘီလီယံ (အမေရိကန် ဒေါ်လာ ၅၇ဒသမ၅သန်း)၊အိန္ဒိယနိုင်ငံမှ တာကာ ၂ဒသမ၅၃ဘီလီယံ(အမေရိကန်ဒေါ်လာ ၃၈ဒသမ၉သန်း) ဖိုးတင်သွင်းခဲ့သည်။

သံထည်၊ ယာဉ်များနှင့် အခြားကုန်စည်များ၊ တွင်းထွက်ကုန်များ တင်သွင်းမှုဆောင်ရွက်ရာတွင် အိန္ဒိယနိုင်ငံထက် တရုတ်နိုင်ငံမှ ပိုမိုတင်သွင်းခဲ့သည်။

အမျိုးအစားတူညီသော ကုန်ပစ္စည်းများ မှာယူသွင်းရာတွင် အိန္ဒိယနိုင်ငံထက် တရုတ်နိုင်ငံထုတ်ပစ္စည်းက ဈေးသက်သာသည်ဟု ဒါကာမြို့ ပိုးလ်ဝဲလ်ဈေးမှ ကုန်ပစ္စည်းတင်သွင်းသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြသည်။

တရုတ်နိုင်ငံမှ မှာယူတင်သွင်းသော ကုန်ပစ္စည်းများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ ပျမ်းမျှအားဖြင့် ၂၅ရက်အကြာတွင် ရောက်ရှိပြီး အိန္ဒိယနိုင်ငံမှ ကုန်ပစ္စည်းများသည် ၃၅ရက်ကြာမှ ရောက်ရှိသည်။***အမ်အင်အေ၊ဆင်ဟွာ။***



ဒူဘိုင်းရှိ တရုတ်ကုန်စည်များ ရောင်းချသော ကုန်တိုက်တစ်ခုကို ဖေဖော်ဝါရီ ၁၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အရှေ့တရုတ်ပင်လယ်ပြင်၌ ပနားမားကုန်တင်သင်္ဘော နစ်မြုပ် ၃၁ဦး ပျောက်ဆုံး၊ နှစ်ဦးအသက်ရှင်လျက်ရှိ

ဇီမန်(ဖူကျန့်ပြည်နယ်) ဖေဖော်ဝါရီ ၂၀

အရှေ့တရုတ်ပင်လယ်ပြင်တွင် ဖေဖော်ဝါရီ ၁၆ရက်က ပနားမားကုန်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ ၃၁ဦး ပျောက်ဆုံးလျက်ရှိပြီး နှစ်ဦးအသက်ရှင်လျက်ရှိကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အရှေ့တရုတ် ပင်လယ်ပြင်၌ ကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပျောက်ဆုံးနေသူများသည် အသက်ရှင်လျက်ရှိရန် မျှော်လင့်ချက် အနည်းငယ်သာရှိကြောင်း ဖူကျန့်ပြည်နယ် ရေကြောင်းကယ်ဆယ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သင်္ဘောနစ်မြုပ်ရာ နေရာတစ်ဝိုက်တွင် လေပြင်းမုန်တိုင်းများကျရောက်ပြီး လှိုင်းကြီးနေသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းလုပ်ဆောင်ရန် အခက်အခဲတွေ့နေကြောင်း အမည်မဖော်လိုသူ တာဝန်ရှိသူတစ်ဦးက ပြောဆိုခဲ့သည်။

အသက်ရှင်လျက်ရှိသူ တရုတ်သင်္ဘောသားနှစ်ဦးကို ဇီမန်မြို့ပြည်သူ့ဆေးရုံ အမှတ် (၁)တွင် တင်ထားရာ အသက် ၂၇နှစ်ရှိ ဟီကျင်လိုင်သည် ဆေးဝါးကုသမှုကို ဆက်လက်ခံယူနေကြောင်း၊ နီအန်ယူလင်သည် ဆေးရုံမှ ဆင်းခွင့်ရရှိခဲ့ကြောင်း ဆေးရုံမှလာသောသတင်းများအရ သိရှိရသည်။

ဖေဖော်ဝါရီ ၁၆ ရက် ည ၁၁ နာရီ ၂၈ မိနစ်တွင် ဖူကျန့်ပြည်နယ် ဒွန်ဂျီကျွန်းအနီးရှိ ပင်လယ်ပြင်၌ ကျောက်ဆောင်နှင့် သင်္ဘောတိုက်မိ၍ နစ်မြုပ်ခဲ့သည်ဟု ဖူကျန့်ပြည်နယ် ရေကြောင်းကယ်ဆယ်ရေးဌာနက သတင်းထုတ်ပြန်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်ပြည်မှ နို့စားနွားများ မွန်ဂိုလီးယားသို့ ပထမဆုံးအကြိမ်တင်ပို့

ဟိုဟော့ ဖေဖော်ဝါရီ ၂၀

တရုတ်ပြည်မှ ဟောလ်စတင်-ဖရီးရှန် အဖြူအမည်းကျား နို့စားနွားများကို အိမ်နီးချင်း မွန်ဂိုလီးယားနိုင်ငံသို့ ပထမဆုံးအကြိမ်တင်ပို့ခဲ့သည်ဟု ဒေသဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူများထံမှ သိရှိရသည်။

တရုတ်ပြည်မြောက်ပိုင်း အတွင်းမွန်ဂိုလီးယားကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှ နွား ၂၆ ကောင်ကို မွန်ဂိုလီးယားနိုင်ငံသို့ မပို့မီ ၂၁ ရက်ကြာ သီးသန့်ထားရှိကာ ကူးစက်ရောဂါခုနစ်မျိုး ရှိ၊ မရှိ စစ်ဆေးပြီးမှ တင်ပို့ခဲ့ကြောင်း အရင်ဟော့မြို့ရှိ စစ်ဆေးရေးနှင့် ရောဂါပြန့်ပွားမှုထိန်းချုပ်ရေးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မွန်ဂိုလီးယားသို့တင်ပို့ခဲ့သော နို့စားနွားများကို ဖေဖော်ဝါရီ ၁၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းပင်လယ်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ကုန်တင်သင်္ဘောတစ်စင်းကို ဖေဖော်ဝါရီ ၂၀ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မြေပြို၍ လူအများအပြားသေဆုံးမှု စုံစမ်းစစ်ဆေးရန် ဖိလစ်ပိုင်သမ္မတ ညွှန်ကြားထား

မနီလာ ဖေဖော်ဝါရီ ၂၀

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း လေဆီဒေသတောင်ပိုင်းရှိ ကျေးရွာတစ်ရွာတွင် မြေပြိုကျမှုကြောင့် ရွာသူ၊ ရွာသားများ ထောင်ချီသေဆုံးခဲ့မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန်အတွက် ဌာနစုံပါဝင်သည့် အထူးအဖွဲ့တစ်ဖွဲ့ကိုဖွဲ့စည်းရန် သမ္မတအာရိုယိုက စနေနေ့တွင် အမိန့်ထုတ်လိုက်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ပထဝီဝင်အနေအထားအရ အန္တရာယ်အရှိဆုံးအဖြစ် သတ်မှတ်ထားသည့်နေရာများတွင် ပါဝင်သည့် အဆိုပါဒေသမှ ဒေသခံပြည်သူလူထုအတွက် အန္တရာယ်ကာကွယ်ရေးအစီအစဉ်များ ချမှတ်ဖော်ဆောင်ထားခြင်း မရှိမှုကြောင့် ယင်းသို့ဖြစ်ရကြောင်း သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်ဌာနက ပြောကြားပြီးသည့်နောက် ဖော်ပြပါအတိုင်း ဖိလစ်ပိုင်သမ္မတက အမိန့်ထုတ်ပြန်ခြင်းဖြစ်သည်။

ယင်းဒေသတွင် ရက်ပေါင်းများစွာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ကာ မြေလျှောင် အတန်အသင့် လှုပ်ခဲ့ပြီးနောက် ယင်းဒေသရှိကျေးရွာမှ ရွာသူ၊ ရွာသား ၁၅၀၀ ထက်မနည်း မြေကြီးနှင့် ကျောက်တုံးများ ပြိုကျခဲ့မှုကြောင့် မြေပိပြီး သေဆုံးခဲ့ကြရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ဖိလစ်ပိုင်နိုင်ငံ စိန့်ဘားနတ်ဒ်မြို့ ဂွမ်ဆာဟူဂွန်ကျေးရွာတွင် မြေပြိုမှုဖြစ်ပွားသောနေရာ၌ ကယ်ဆယ်ရေးဆောင်ရွက်နေသော ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များကို ဖေဖော်ဝါရီ ၁၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



အီဂျစ်နိုင်ငံရှိ ကမ္ဘာလှည့်ခရီးသည်များ ဆွဲဆောင်ရာ ပိရမစ်ဂူဗိမာန်ကြီးများမှ ဇရာမရုပ်တုကြီးများကို ဖေဖော်ဝါရီ ၁၉ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

ဆီးရီးယားအတိုက်အခံများသို့ ကန်ကူညီမည့်အစီအစဉ်ကို ရှုတ်ချ

ဒမတ်စကတ် ဖေဖော်ဝါရီ ၂၀

ဆီးရီးယားနိုင်ငံကို ဆန့်ကျင်သူများအား ငွေကြေးထောက်ပံ့မည့် အမေရိကန်၏ဆုံးဖြတ်ချက်ကို ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်အယ်လ်မူဝါလိန်က စနေနေ့တွင် ရှုတ်ချပြောကြားလိုက်သည်။

ဖော်ပြပါ အမေရိကန်ဆုံးဖြတ်ချက်သည် မိမိတို့၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှုပင် ဖြစ်ကြောင်း၊ ယင်းကြောင့်မိမိတို့လုံးဝပယ်ချကြောင်းငင်းကသတင်းထောက်များကို ပြောကြားသည်။ ဆီးရီးယားနိုင်ငံတွင် ပြုပြင်ရေးလုပ်ငန်းစဉ်များအရှိန်မြှင့်ဖော်ဆောင်နိုင်ရန်အတွက်ဆီးရီးယားအတိုက်အခံများသို့ အမေရိကန်ဒေါ်လာ ငါးသန်းထောက်ပံ့ပေးရမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက သောကြာနေ့တွင် ပြောကြားခဲ့သည်။

အမေရိကန်က ပေးမည့်ငွေကြေးပမာဏဖြင့် ဆီးရီးယားအစိုးဌာနများအတွက် အသုံးပြုနိုင်ပြီး တရားဥပဒေစိုးမိုးရေးနှင့် ရွေးကောက်ပွဲ ကျင်းပရေးကဲ့သို့သော ကိစ္စရပ်များဖြစ်သည့် ဒီမိုကရေစီလှုပ်ရှားမှုများ မြှင့်တင်ရာတွင် အသုံးပြုနိုင်သည်ဟု ဆီးရီးယားကထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဆီးရီးယားက အကြမ်းဖက်မှုကို ထောက်ခံမှုပေးနေသည်ဟု အမေရိကန်က စွပ်စွဲပြီး စီးပွားရေးအရ အရေးယူပိတ်ပင်ခဲ့ပြီးနောက် လက်ဘနွန်ဝန်ကြီးချုပ်ဟောင်း ဟာရီရီ သတ်ဖြတ်ခံရမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂက စစ်ဆေးရာတွင် ဆီးရီးယားက ပြည့်ပြည့်ဝဝပူးပေါင်းဆောင်ရွက်ရန် ဖိအားပေးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အီတလီ၌ ကုန်သွယ်ရေး လိုငွေပြ

ရောမ ဖေဖော်ဝါရီ ၂၀

အီတလီနိုင်ငံ၏ ကုန်သွယ်ရေး လိုငွေပြမှုမှာ ၂၀၀၅ ခုနှစ်တွင် ယူရို ၁၀ ဒသမ ၃၇ ဘီလီယံရှိပြီး ၂၀၀၄ ခုနှစ်ကထက် ၇၅၀ ရာခိုင်နှုန်းမြင့်တက်လာကြောင်း အီတလီနိုင်ငံ စာရင်းရုံးက သောကြာနေ့တွင် ထုတ်ပြန်ကြေညာသည်။

စာရင်းရုံး၏ ထုတ်ပြန်ချက်အရ အီတလီနိုင်ငံ၏ ကုန်သွယ်ရေး လိုငွေပြမှုမှာ ၂၀၀၄ ခုနှစ်တွင် ယူရို ၁ ဒသမ ၂၂ ဘီလီယံရှိခဲ့ကြောင်း သိရှိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ကျေးလက်ဒေသတွင် သဘာဝအတိုင်း နေထိုင်ခြင်းဖြင့် ပိုမိုကျန်းမာစေသည်ဟုဆိုကာ ဘီလာရုစ် နိုင်ငံမှ ကျန်းမာရေးကလပ်အသင်းသားများ ဖေဖော်ဝါရီ ၁၇ရက်က မင့်စ်မြို့အနီး၌ တောစခန်းချနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် လေယာဉ်ငယ်တစ်စင်းပျက်ကျ အလောင်းခြောက်လောင်း တွေ့ရှိ

ဆူလေမန်နီယာ (အီရတ်) ဖေဖော်ဝါရီ ၂၀

အီရတ်နိုင်ငံမြောက်ပိုင်းနှင်းဖုံးလွှမ်းသည့်တောင်တန်းဒေသတွင် လွန်ခဲ့သည့်သုံးရက်ခန့်က ပျက်ကျခဲ့သည့်လေယာဉ်ငယ်တစ်စင်း၏ အပျက်အစီးကြားမှ လူခြောက်ဦး၏အလောင်းများကိုတနင်္ဂနွေနေ့တွင် တွေ့ရှိခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များကပြောကြားသည်။ ဂျာမန်နိုင်ငံသားသုံးဦး စီးနင်းလိုက်ပါလာသည့် အဆိုပါလေယာဉ်သည် အဇာဘိုင်ဂျန်မှအီရတ်နိုင်ငံမြောက်ပိုင်းဒေသရှိ ဆူလေမန်နီယာလေဆိပ်သို့ ပျံသန်းလာစဉ် လေကြောင်းဌာန တာဝန်ရှိပုဂ္ဂိုလ်များနှင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့သည်။

အဆိုပါ လေယာဉ်ပျက်ကျခဲ့ပြီးနောက် ကျွမ်းကျင်သူများက ယင်းသို့ လေယာဉ်ပျက်ကျသည့် ဖြစ်ရပ်အပေါ် စုံစမ်းစစ်ဆေးမည်ဟု ဆူလေမန်နီယာလေဆိပ်ညွှန်ကြားရေးမှူး မာရန်အာမက်က ပြောကြားသည်။ လေယာဉ်မဆိုက်ရောက်မီ တစ်ရက်ကပင် လေယာဉ်ပေါ်တွင် ဂျာမန်လေးဦး နှင့် အီရတ်တစ်ဦးတို့ စီးနင်းလိုက်ပါလာသည်ဟု အီးမေးမှသတင်းရရှိထားသည်ဟုငင်းက ပြောကြားသည်။ သို့ရာတွင် အဆိုပါ လေယာဉ်တွင် ဂျာမနီနိုင်ငံ မြူးနစ်မြို့မြောက်ပိုင်းမှ ကုမ္ပဏီဝန်ထမ်းသုံးဦးနှင့်အတူ အီရတ်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနှင့် လေယာဉ်မှူးနှစ်ဦးတို့ လိုက်ပါလာသည်ဟု ဂျာမန်ရဲတပ်ဖွဲ့မှ ပြောရေး ဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ။**

တောင်အာဖရိကနိုင်ငံ တောင်ပေါ်ကျေးရွာတစ်ရွာရှိ နေအိမ်ငယ်တစ်လုံးကို ဖေဖော်ဝါရီ ၂၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗန်ကောက်မြို့ ဈေးဆိုင်မှ စိန်လည်ဆွဲအခိုးခံရ

ဗန်ကောက် ဖေဖော်ဝါရီ ၂၀

ထိုင်းနိုင်ငံ၏မြို့တော် ဗန်ကောက်မြို့လယ်မှ ဖိမ်ခံပစ္စည်းရောင်းသည့် ဆိုင်ယမ်ပါရာဂွန်အမည်ရှိ ဈေးကို ဒီဇင်ဘာ ၉ ရက်တွင် ဖွင့်လှစ်ခဲ့ပြီးနောက် ဘတ်ငွေငါးသန်း(အမေရိကန်ဒေါ်လာ ၁၂၅၀၀၀ ခန့်) တန်ဖိုးရှိ စိန်လည်ဆွဲတစ်ခု ပထမဆုံးအကြိမ်အခိုးခံခဲ့ရသည်။

ပြည်ပနိုင်ငံသားများပါဝင်သည့် အုပ်စုတစ်စုက အဆိုပါဈေးရှိ ခန်းမကြီးအတွင်းမှ ဈေးဆိုင်သို့ လာရောက်ကြည့်ရှုခဲ့ပြီးနောက် စိန်လည်ဆွဲ ပျောက်ဆုံးနေသည်ကို ဆိုင်ရှင်က သိရှိခဲ့သည်ဟု ပြောကြားသည်။

ငင်းက စိန်လည်ဆွဲပျောက်ဆုံးမှုကို ရဲစခန်းသို့ သွားရောက်တိုင်ကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

တောင်အာဖရိက မိုင်းတွင်းပြိုကျ

ဂျိုဟန်နစ္စဘတ် ဖေဖော်ဝါရီ ၂၀

တောင်အာဖရိကနိုင်ငံ ဖရီးစတိတ်ပြည်နယ် အလယ်ပိုင်း၌ ဖေဖော်ဝါရီ ၁၈ရက်ကမိုင်းတွင်းပြိုကျမှုဖြစ်ပွားရာ သေဆုံးသူနှစ်ဦးရှိပြီး တစ်ဦးဒဏ်ရာ ရရှိခဲ့သည်ဟု ဆာပါသတင်းဌာနက ဖော်ပြသည်။

ထိုမိုင်းတွင်းရှိရာနေရာတွင် လျှောင်လှုပ်သွားသည့်အတွက် မိုင်းတွင်း ပြိုကျခဲ့ခြင်းဖြစ်သည်ဟု စတန်မိုင်းတွင်း အဖွဲ့ဥက္ကဋ္ဌ ဂျာရက်ကန်နီဒီ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းတွင် ဖော်ပြထားသည်။ **အမ်အင်အေ၊ ရိုက်တာ။**

ဖလူးဂျာအနီးတွင် ကန်တပ်ဖွဲ့ပစ်ခတ်၍ သုံးဦးသေဆုံး

ဖလူးဂျာ(အီရတ်) ဖေဖော်ဝါရီ ၂၀

အမေရိကန်တပ်ဖွဲ့ဝင်များက ဖလူးဂျာမြို့အနီး၌ အရပ်သားများ၏မော်တော်ယာဉ်များကို ပစ်ခတ်ခဲ့သဖြင့် အရပ်သားသုံးဦး တနင်္ဂနွေနေ့တွင် သေဆုံးခဲ့ကြောင်း ဆေးတပ်ဖွဲ့များက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ညီအစ်ကိုနှစ်ယောက်နှင့် ငင်းတို့၏ ဆွေမျိုးသားချင်းတို့သည် အမာရီယက်အယ်လ်-ဖလူးဂျာဒေသသို့ မော်တော်ယာဉ်စီးလာခဲ့ကြရာ အမေရိကန်လှည့်ကင်းအဖွဲ့၏ ပစ်ခတ်ခြင်းခံခဲ့ရသည်ဟု ဖလူးဂျာဆေးရုံမှ ဆေးဘက်ဆိုင်ရာ သတင်းရပ်ကွက်က ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် အရပ်သားနှစ်ဦး ချက်ချင်းသေဆုံးသွားခဲ့ကြောင်း၊ တတိယမြောက်အရပ်သားတစ်ဦး ဒဏ်ရာဖြင့် ဆေးရုံတွင်သေဆုံးခဲ့ကြောင်း၊ အရပ်သားသုံးဦးက ဆေးရုံတွင် ကုသနေသည့် ဆွေမျိုးသားချင်း လူနာကို လာရောက်သတင်းမေးကြကြောင်း အဆိုပါ သတင်းရပ်ကွက်က ပြောကြားသည်။

သေဆုံးသူ၏ အလောင်းများကိုမြေမြှုပ်သင်္ဂြိုဟ်ရန် အိမ်သို့ ယူဆောင်သွားခဲ့ကြောင်း သတင်းရပ်ကွက်က ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိုင်ဗရီကို့စ်နိုင်ငံ၏ သစ်ထုတ်လုပ်မှု လုပ်ငန်းခွင်တစ်နေရာကို ဖေဖော်ဝါရီ ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ဂျီးရီးယား၌ ပြန်ပေးဆွဲ

လေဂို့စ် ဖေဖော်ဝါရီ ၂၀

နိုင်ဂျီးရီးယားနိုင်ငံမှ တိုက်ခိုက်ရေးသမားများက နိုင်ဂျီးရီးယား တောင်ပိုင်းဒေသရှိ ရှဲလ်ရယ်ဒတ်ချ်ရှဲလ် ရေနံကုမ္ပဏီ၏ လက်ခွဲကန်ထရိုက်လုပ်ငန်းရှင်တစ်ဦး၏ ပြည်ပရေနံဝန်ထမ်းကိုးဦးကို ပြန်ပေးဆွဲခဲ့ကြောင်း ရှဲလ်ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပြန်ပေးဆွဲသည့် သတင်းကို မိမိတို့အတည်ပြု ပြောကြားနိုင်ကြောင်း၊ မိမိတို့တွင် ယင်းသတင်းရရှိ ထားကြောင်း၊ သို့ရာတွင် အသေးစိတ် သတင်းမရရှိကြောင်း စသည်ဖြင့် ငင်းကဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ငင်းဝန်ထမ်းများကို ရေနံတင်သင်္ဘောပေါ်မှ ပြန်ပေးဆွဲသွားခဲ့ခြင်းဖြစ်သည်ဟု အဆိုပါကုမ္ပဏီ၏ အခြားပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။ ပြန်ပေးဆွဲသူများမှာ နိုင်ဂျာမြစ်ဝှမ်းလွတ်မြောက်ရေး လှုပ်ရှားမှုအဖွဲ့မှဖြစ်ပြီးပြည်ပမှ ရေနံဝန်ထမ်းလေးဦးကို လွန်ခဲ့သည့်လအတွင်းကလည်း ပြန်ပေးဆွဲခဲ့ပြီး ၁၉ ရက်ကြာ ဖမ်းဆီးထားခဲ့သည်။ ပြန်ပေးဆွဲသည့်လုပ်ရပ်မှာ ငင်းတို့၏ လက်ချက်ဖြစ်ကြောင်း အီးမေးလ်တွင် ကြေညာခဲ့သည်။

ပြန်ပေးဆွဲခံရသူများမှာ အမေရိကန်နိုင်ငံသားသုံးဦး၊ ဗြိတိန်နိုင်ငံသားတစ်ဦး၊ အီဂျစ်နိုင်ငံသားနှစ်ဦး၊ ထိုင်းနိုင်ငံသားနှစ်ဦးနှင့် ဖိလစ်ပိုင်နိုင်ငံသားတစ်ဦးတို့ ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပြန်လည်ဦးမော့လာသည့် မြန်မာ့ပုလဲဈေးကွက်

သတင်းဆောင်းပါး–မြင့်လွင် (သတင်းစဉ်)
ဓာတ်ပုံ–သောင်းမြင့်+တင့်လွင်
မြန်မာ့သတင်းစဉ်(ပြည်တွင်း)

နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ပိုမိုရရှိပြီး မြန်မာ့ပုလဲဈေးကွက်သည် မြန်မာပြည်တွင် ပြန်လည်ဖြစ်ထွန်းလာစေရန် ရည်ရွယ်ချက်များဖြင့် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းက **“မြန်မာ့ပုလဲလေလံပွဲ”**ကို ဖေဖော်ဝါရီ ၁၇ ရက်မှ ဖေဖော်ဝါရီ ၁၉ရက်နေ့အထိ သုံးရက်တိုင်တိုင် ရန်ကုန်မြို့ ဒူးဇစ်အင်းလျားလိပ် ဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါ **“ မြန်မာ့ပုလဲလေလံပွဲ ”**သို့ ဂျပန်နိုင်ငံ ကုမ္ပဏီကိုးခုမှ ရတနာကုန်သည် ၁၁ ဦး၊ ဩစတြေးလျနိုင်ငံ ကုမ္ပဏီသုံးခုမှ ရတနာကုန်သည် သုံးဦး၊ ထိုင်းနိုင်ငံ ကုမ္ပဏီသုံးခုမှ ရတနာကုန်သည် ၁၂ ဦး၊

မြန်မာ့ပုလဲလေလံတင်ပွဲတွင် ပြည်ပရတနာကုန်သည်များ တင်ဒါစနစ်ဖြင့် အပြိုင်အဆိုင် ဝယ်ယူရေးအတွက် ပုလဲအတွဲများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြစဉ်။

အမေရိကန်ပြည်ထောင်စု ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်နှစ်ဦး၊ ဟောင်ကောင် ကုမ္ပဏီသုံးခုမှ ရတနာကုန်သည်ငါးဦးနှင့် ပြည်ထောင်စုဂျာမနီနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်နှစ်ဦး စုစုပေါင်း ကုမ္ပဏီ ၂၀မှ ရတနာကုန်သည် ၃၅ဦး တက်ရောက်၍ တင်ဒါစနစ်ဖြင့် ဝယ်ယူသွားကြသည်။

“မြန်မာ့ပုလဲလေလံပွဲ”တွင် ပုလဲအတွဲပေါင်း ၄၂၇ တွဲ၊ ပုလဲလုံးရေ စုစုပေါင်း ၉၂၈၆၄ လုံး၊ အလေးချိန် ၅၃၅၇၁ ဒသမ ၃ မိုမီတို့ကို ရောင်းချခဲ့ခြင်းဖြစ်သည်။

မြန်မာ့ပုလဲများကို ၁၉၆၄ ခုနှစ်မှ စတင်၍ Myanmar Gems, Jade and Pearl Emporium ၌ တင်၍ ရောင်းချခဲ့ရာ ၁၉၉၄ ခုနှစ်တွင် နိုင်ငံခြားသား ပုလဲကုန်သည်များ အပြိုင်အဆိုင် တက်ရောက်ဝယ်ယူခဲ့ကြသည်။

ကျောက်စိမ်းများကို တရုတ်လူမျိုးများက အများဆုံး အသုံးပြုပြီး ပုလဲကိုမူ အမေရိကန်၊ ဂျပန်နှင့် ဥရောပနိုင်ငံများက အများဆုံးအသုံးပြု ဝတ်ဆင်ကြပေသည်။

ကျောက်စိမ်းရောင်းချပွဲများ ခင်းကျင်းပြသရန်အတွက် ကျယ်ဝန်းသောနေရာ လိုအပ်သော်လည်း ပုလဲရောင်းချပွဲမှာမူ သင့်တော်သည့် အခန်းတစ်ခုထဲတွင်ပင် ခင်းကျင်းပြသရောင်းချနိုင်သဖြင့် ကမ္ဘာ့ပုလဲလေလံပွဲများ အားလုံးသည် အဆင့်မြင့်ဟိုတယ်ကြီးများတွင် ကျင်းပလေ့ရှိသည်။ ထို့ကြောင့် ပုလဲကုန်သည်ကြီးများအတွက် များစွာလွယ်ကူ အဆင်ပြေ ချောမွေ့လှသည်။

မြန်မာ့ပုလဲများ ယခင်နှစ်များကထက် ပိုမိုထွက်ရှိလာပြီဖြစ်သော်လည်း နိုင်ငံခြားသား ပုလဲကုန်သည်ကြီးများ တက်ရောက်ဝယ်ယူမှု နည်းနေသေးခြင်းမှာ–

* မြန်မာ့ပုလဲများ ယခင်ကကဲ့သို့ အရည်အသွေးကောင်းများထွက်ရှိနေပြီကို သိသူနည်းသေးခြင်း၊
* မြန်မာ့ကျောက်မျက်ရတနာပြပွဲ များတွင် တင်သောပုလဲမှာ အရေအတွက် နည်းပါးနေသေးခြင်း၊
* မြန်မာ့ပုလဲများ၏ ကြမ်းခင်းဈေးကို ကမ္ဘာ့ပုလဲဈေးနှင့် လိုက်လျောညီထွေ ရှိစေရေး ညှိနှိုင်းရန် လိုအပ်ခြင်း

စသည့် အားနည်း ချက်များကို ပြုပြင်၍ မြန်မာ့ပုလဲများ ပိုမို ရောင်းချရပြီး နိုင်ငံခြားငွေ ပိုမိုရရှိရေးအတွက် နှစ်စဉ် ပုံမှန်ကျင်းပနေကျ Emporium အပြင် သီးခြားပုလဲလေလံပွဲများကို နိုင်ငံခြားသား ပုလဲကုန်သည်ကြီးများအား ဖိတ်ကြား၍ ကျင်းပပြုလုပ် ရောင်းချပေးသွားရန် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုကျင်းပပြီးစီးသွားသော “မြန်မာ့ပုလဲ လေလံတင်ပွဲ”ကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၁၉ ရက်နေ့အထိ

စစ်ဆေး

မြန်မာ့ပုလဲ လေလံတင်ပွဲတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုး ပုလဲအတွဲများကို စစ်ဆေးနေစဉ်။

ရောင်းချခဲ့ရာ နိုင်ငံခြား ပုလဲရတနာကုန်သည်များက တင်ဒါစနစ်ဖြင့် အပြိုင်အဆိုင်ဝယ်ယူသွားကြသည်။

မြန်မာနိုင်ငံတွင် မြန်မာ့ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲရောင်းချပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်၍ ရောင်းချခဲ့သည်။ ပုလဲအတွဲများကို နိုင်ငံခြားသား ရတနာကုန်သည်များအား သီးခြားရောင်းချမှုမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ် ရောင်းချပွဲဖြစ်သည်။

ယခု မြန်မာ့ပုလဲ လေလံတင်ပွဲတွင် ပုလဲအတွဲပေါင်း ၄၂၇တွဲတင်ပြ ရောင်းချသည့်အနက် အတွဲထက်ဝက်ခန့် ရောင်းချရသဖြင့် နိုင်ငံခြားငွေ သန်းနှင့်ချီပြီး ရရှိခဲ့သည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် မြန်မာ့ရေပြင်၌ မြန်မာ့ပုလဲများကို နှစ်အတော်ကြာ မွေးမြူထုတ်လုပ်နေသည့်အပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်လည်း အကျိုးတူလုပ်ငန်းအဖြစ် မွေးမြူထုတ်လုပ်လျက်ရှိသည်။ နှစ်စဉ် ပုလဲလုံးရေ သိန်းနှင့်ချီ၍ ထွက်ရှိလာတော့မည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် တစ်ချိန်က ကမ္ဘာ့ပုလဲဈေးကွက်၌ နာမည်ကျော်ကြားခဲ့သော ကမ္ဘာ့အသည်းစွဲ မြန်မာ့ပုလဲများသည် ကမ္ဘာ့ပုလဲဈေးကွက်၌ ဦးမော့လာပြီဖြစ်ရာ နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ပိုမိုရရှိပြီး မြန်မာ့ပုလဲဈေးကွက် ပြန်လည်ဖြစ်ထွန်းလာတော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

ရွှေရောင်ပုလဲ

မြန်မာ့ပုလဲလေလံတင်ပွဲတွင် အခြေခံကြမ်းခင်းဈေး အများဆုံးဖြင့် ရောင်းချသည့် အရည်အသွေးမီ ရွှေရောင်ပုလဲအတွဲကြီးကို တွေ့ရစဉ်။

လှူဒါန်း

ဒဂုံမြို့သစ် (မြောက်ပိုင်း) ကန်သာယာ(၂)လမ်း (၃၅)ရပ်ကွက်နေ ဦးသာဇံ–ဒေါ်ခင်ကျော့ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။ (က–ပ)

တောင်ဥက္ကလာပမြို့နယ် အခြေခံပညာ ကျောင်းပေါင်းစုံ ဘက်စုံပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက်က အထက(၁) သီရိရတနာခန်းမတွင်ကျင်းပရာ စတုတ္ထတန်းတွင် မြို့နယ်အဆင့် ဘက်စုံပထမဆုရရှိသော အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မမေမီမြင့်မြတ်အား မြို့နယ်ပညာရေးမှူး ဒေါ်စိန်စိန် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၆၄)

ဂါရဝပြု

အထက(၂)မရမ်းကုန်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က အဆိုပါကျောင်းသပြေခန်းမ၌ပြုလုပ်ရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများက ကန်တော့ပစ္စည်းများဖြင့် ဂါရဝပြုကြစဉ်။ (ပညာရေး)

အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ပန်းတိုင်ရောက်ရှိရန် အလွန်နီးကပ်နေ စီမံချက်လုပ်ငန်းများ ပိုမိုအကျိုးရှိပြီး ရေရှည်တည်တံ့အောင် ဝိုင်းဝန်းအဖြေရှာ

ရန်ကုန်   ဖေဖော်ဝါရီ   ၂၁

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီက ကြီးမှူးကျင်းပသော တစ်နိုင်ငံလုံး အိုင်အိုဒင်းဆား စားသုံးရေးလုပ်ငန်း ထပ်မံ အသိပေးရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းနှင့် ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေး ပန်းတိုင်ရောက်ရှိရန် အလွန်နီးကပ်နေပြီ ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေး ဗဟိုကော်မတီ၊ ပြည်နယ်နှင့် တိုင်း၊ မြို့နယ်ကော်မတီအထိ အဆင့်ဆင့်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပြီး အိုင်အိုဒင်းချို့တဲ့ရောဂါကျွမ်းကျင်မှုဆိုင်ရာ အဖွဲ့ကိုလည်း ဖွဲ့စည်း၍ ပြည်သူလူထုအတွင်း အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်စေရေး ဆောင်ရွက်ခဲ့ကြောင်း၊ အိုင်အိုဒင်းချို့တဲ့မှုကြောင့် လည်ပင်းကြီးရောဂါ ပပျောက်စေရေးအတွက် မြန်မာနိုင်ငံတစ်ဝန်း ထုတ်လုပ်သမျှ အိမ်သုံးဆားများတွင် အိုင်အိုဒင်း ဖြည့်သွင်းထုတ်လုပ်ရန်ကိုလည်း ဆုံးဖြတ်ပြဋ္ဌာန်းပေးခဲ့ကြောင်း၊ အရည်အသွေးပြည့်မီသော အိုင်အိုဒင်း စားသုံးမှုသည်လည်း မျှော်မှန်းထားသည့် ရာခိုင်နှုန်း ၉၀ နီးပါး ရောက်ရှိနေပြီ ဖြစ်ကြောင်း၊ အိုင်အိုဒင်းချို့တဲ့မှုသည် အခြားရောဂါများကဲ့သို့ အမြစ်ပြတ်ချေမှုန်းနိုင်သည့် ရောဂါမျိုးမဟုတ်ဘဲ ကမ္ဘာတည်သရွေ့ ဆက်လက် တွန်းလှန်သွားရမည့် အာဟာရချို့တဲ့မှု ဖြစ်ကြောင်းနှင့် အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေးလုပ်ငန်းကို ဦးဆောင်ဦးရွက်ပြုလျက်ရှိသော တာဝန်ရှိသူများသည် အစဉ်ပြောင်းလဲနေသော ကာလ၊ ဒေသပယောဂနှင့် လျော်ညီစွာ စီမံချက်လုပ်ငန်းများ ပိုမိုအကျိုးရှိ ထိရောက်ပြီး ရေရှည်တည်တံ့အောင် ဝိုင်းဝန်းအဖြေရှာကြရန်နှင့် မွမ်းမံဆောင်ရွက်ကြပြီး ရင်းနှီးစွာ ဆွေးနွေးညှိနှိုင်း အကြံပြုကြရန် အလေးအနက်တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

တစ်နိုင်ငံလုံး အိုင်အိုဒင်းဆား စားသုံးရေးလုပ်ငန်း ထပ်မံအသိပေး ရှင်းလင်းတင်ပြခြင်းအခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌွေးဝင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပေးအပ်ချီးမြှင့်

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အိုင်အိုဒင်းဆား စားသုံးရေးလုပ်ငန်းဆောင်ရွက်မှု ပထမဆုရရှိသည့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒုတိယဆုရရှိသည့် ဗဟန်းမြို့နယ်နှင့် တတိယဆုရရှိသည့် ရွှေပြည်သာ မြို့နယ်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီအတွင်းရေးမှူး ဒေါက်တာလှမြင့်က ရန်ကုန်တိုင်းအတွင်း အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းစဉ် များနှင့် ပြည်သူလူထုအတွင်း အိုင်အိုဒင်းဆား စားသုံးရေး အစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (အာဟာရ) ဒေါက်တာလှကြည်က မြန်မာနိုင်ငံ၌ အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေး စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေ၊ အိုင်အိုဒင်းချို့တဲ့မှု ပပျောက်သည့် အခြေအနေကို ရေရှည် ထိန်းသိမ်းနိုင်ရေးအတွက် အကြံဉာဏ်နှင့် အကူအညီရယူမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် ခန်းမအပြင်၌ ပြသထားသည့် အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ ပိုစတာ ကားချပ်များကို ကြည့်ရှုကြပြီး အိမ်သုံးဆားတွင် အိုင်အိုဒင်းပါဝင်မှုကို စမ်းသပ်စစ်ဆေးခဲ့ကြသည်။

(သတင်းစဉ်)

တစ်နိုင်ငံလုံး အိုင်အိုဒင်းဆား စားသုံးရေးလုပ်ငန်း ထပ်မံအသိပေး ရှင်းလင်းတင်ပြခြင်း အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ အိုင်အိုဒင်းဆား စားသုံးရေးလုပ်ငန်းဆောင်ရွက်မှု ပထမဆုရ မင်္ဂလာတောင်ညွန့်မြို့နယ်အတွက် ကိုယ်စားလှယ် တစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဓမ္မဝိနယစာမေးပွဲ ကျင်းပပူဇော်မည်

ရန်ကုန်   ဖေဖော်ဝါရီ   ၂၁

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ပြည်လမ်းရှိ ရှေးဟောင်းတောရကျောင်းတိုက်ကြီး၌ နှစ်စဉ်ကျင်းပပူဇော်မြဲဖြစ်သော ဓမ္မဝိနယပရိယတ္တိစာမေးပွဲ (ရေးဖြေ)ကို (၂၂)ကြိမ်မြောက်အဖြစ် ဖေဖော်ဝါရီ ၂၅ရက်မှ ၂၈ရက်အထိ ကျင်းပပူဇော်မည်ဖြစ်သည်။ (က-ပ)

တပ်မတော်ဘောလုံးဒိုင်လူကြီးဟောင်းများ အာစရိယပူဇော်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

၂၀၀၆ ခုနှစ် နဝမအကြိမ်မြောက် တပ်မတော်ဘောလုံးဒိုင်လူကြီးဟောင်းများ အာစရိယပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ရက် နံနက် ၉နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘောလုံးအားကစားကွင်း(မင်္ဂလာဒုံ)၌ ကျင်းပရာ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံ ကျောင်းအုပ်ကြီး တပ်မတော်ဘောလုံးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ထိန်လင်း၊ အတွင်းရေးမှူး ဗိုလ်မှူးကြီးလှိုင်နှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်လူကြီးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးတင်အောင် (ဂုဏ်ထူး) (ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ အရာခံဗိုလ်ဘရီ(ငြိမ်း)၊ အတွင်းရေးမှူး တပ်ကြပ်ကြီး မောင်မောင်နိုင်(ငြိမ်း)နှင့် ကော်မတီဝင်များ၊ အထူးဖိတ်ကြားထားသူများနှင့် ဘောလုံးဒိုင်လူကြီးဟောင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ဒိုင်လူကြီးဟောင်းများအား ကန်တော့ကြပြီး ဂါရဝပြု လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ဆက်လက်၍ တပ်မတော်ဘောလုံးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးထိန်လင်း၊ ဒုတိယဗိုလ်မှူးကြီးစိုးသန်း(ငြိမ်း)၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်လူကြီးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးတင်အောင် (ဂုဏ်ထူး)(ငြိမ်း)နှင့် အရာခံဗိုလ်တင်ငွေ (ငြိမ်း)တို့က ဆုပေးစကားပြောကြားကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ဘောလုံးဒိုင်လူကြီးတာဝန်မှ အနားယူသွားသော ဒုတိယအရာခံဗိုလ်လှမြင့်နှင့် တပ်ကြပ်ကြီးတင်ထွန်းတို့အား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်သည်။

ထို့နောက် ၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီ ဘောလုံးပြိုင်ပွဲတွင် အတိုးတက်ဆုံး ဘောလုံးဒိုင်လူကြီးအဖြစ် တပ်ကြပ်ကြီးတင်ထွဋ်နှင့် စည်းကမ်းအကောင်းဆုံး ဒိုင်လူကြီးအဖြစ် ဒုတိယတပ်ကြပ်ဇော်မင်းထွန်းတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

(သတင်းစဉ်)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်သော (၂)ရပ်ကွက် ရွှေဟသာ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၅ရက်က အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



နဝမအကြိမ် unicef

အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်

၂၇-၂-၂၀၀၆ မှ ၅-၃-၂၀၀၆

တစ်သက်တာကျန်းမာဖို့ သန့်ရှင်းအိမ်သာသုံးကြစို့

ကျန်းမာခြင်းအစ လက်သန့်ရှင်းရေးက

ဆုချီးမြှင့်

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်း ၂၀၀၅-၂၀၀၆ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပရာ မြို့နယ်ဘက်စုံ ပထမ၊ ဘာသာစုံ ပထမရရှိသော စတုတ္ထတန်းကျောင်းသူ မယမင်းအေးအား ကျောင်းအုပ်ဆရာကြီး ဦးကျော်ဇင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

➪ ဆေးဝန်ထမ်းတပ်ဖွဲ့မှ

ယခုကျင်းပသည့် (၁၄)ကြိမ်မြောက် ဆေးပညာနီးနှောဖလှယ်ပွဲတွင် စာတမ်းပေါင်း ၄၁စောင်၊ ပိုစတာ၁၄ခု၊ Symposium လေးခု၊ Clinico-pathological Conference တစ်ခု၊ Question and Answer Session ခေါ်သည့် လူအများစိတ်ဝင်စားမည့်ရောဂါများနှင့် စပ်လျဉ်းသည့် အမေးအဖြေကဏ္ဍအပြင် အရှေ့တောင်အာရှအတွင်း အထင်ကရ ဆေးရုံကြီးများမှ ပညာရှင်များက ဟောပြောကြမည့် Academic Talk၁၁ ခုပါ ပါဝင်မည်ဖြစ်ကြောင်းသိရသဖြင့် သုတေသနတင်ပြချက်အသွင် စုံလင်ပြီး မြိုင်မြိုင်ဆိုင်ဆိုင်ကျင်းပနိုင်မည်ဖြစ်ကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့ကို အရည်အသွေးမြင့်မားပြီး နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရမည့်အဖွဲ့အစည်းဖြစ်အောင် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် Human Resources Development သည် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးဖြစ်ကြောင်း၊ ဤကဏ္ဍကို ဆောင်ရွက်ရာတွင် အထောက်အကူပြုနေသည်မှာ သုတေသနနယ်ပယ်ပင်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင်လည်း သုတေသနအခန်းကဏ္ဍကို ရှေ့တန်းတင်လာကြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် Reserarch Orientation ဖြင့် ဆောင်ရွက်လာကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ သုတေသနဖော်ထုတ်ချက်များမှ အဆင့်ဆင့်တိုးတက်ပြုပြင်လာကြပြီး ရောဂါကာကွယ်နှိမ်နင်းရေး၊ ကုသရေး၊ရောဂါ ရှာဖွေရေးနှင့် လေ့ကျင့်သင်ကြားရေးလုပ်ငန်းများတွင် အရည်အသွေးကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်(၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ၊ ဆေးနှင့်ဆေးပစ္စည်းပြပွဲကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေး စဉ်။ (သတင်းစဉ်)

အဆင့်မြင့်ခွဲစိတ်ကုသမှုများကို ပြည်ပ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုအပြင် တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများအနေဖြင့်လည်း ဆောင်ရွက်လျက်ရှိနေ

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်(၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ၊ ဆေးနှင့်ဆေးပစ္စည်း ပြပွဲ၌ခင်းကျင်းပြသထားသော ဆေးနှင့်ဆေးပစ္စည်း ပြခန်းများအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သုတေသန ဖော်ထုတ်ချက်များမှ အဆင့်ဆင့် တိုးတက်ပြုပြင်လာကြပြီး ရောဂါကာကွယ် နှိမ်နင်းရေး၊ ကုသရေး၊ ရောဂါရှာဖွေရေးနှင့် လေ့ကျင့်သင်ကြားရေးလုပ်ငန်းများတွင် အရည်အသွေးကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်။

ဖွင့်လှစ်သင်ကြားလျက်ရှိ

ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် လေ့ကျင့်ရေးနယ်ပယ်တွင် တပ်မတော်ဆေးတက္ကသိုလ်ကို တည်ထောင်ထားရှိပြီး ဆေးပညာဘွဲ့သင်တန်းများ၊ ဆေးပညာမဟာသိပ္ပံဘွဲ့ သင်တန်းများအပြင် ပါရဂူဘွဲ့သင်တန်းများကိုပါ ဖွင့်လှစ်သင်ကြားလျက်ရှိပြီဖြစ်ကြောင်း၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှလည်း သူနာပြုသိပ္ပံဘွဲ့ အပြင် ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ပညာသည်ဘွဲ့ (ရောဂါရှာဖွေရေးပညာ)၊ ဆေးဘက်ပညာသည်ဘွဲ့ (ဓာတ်မှန်ပညာ)၊ ဆေးဘက်ပညာသည်ဘွဲ့ (ကာယကုသမှုပညာ)များကိုပါ အပ်နှင်းနိုင်ပြီဖြစ်ကြောင်း။

ယခုကဲ့သို့ အခြေခံနှင့် အဆင့်မြင့် လေ့ကျင့်သင်ကြားမှုများ ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကုသရေးနှင့် ရောဂါရှာဖွေရေးနယ်ပယ်တွင်လည်း နှလုံးရောဂါဆိုင်ရာ အဆင့်မြင့်ရောဂါ ရှာဖွေစစ်ဆေးမှုနှင့် ခွဲစိတ်ကုသမှုများ၊ ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ အဆင့်မြင့် ခွဲစိတ်ကုသမှုများ၊ ဆီးလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုသမှုများ၊ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများ၊ Endoscope ဖြင့် အစာအိမ်၊ သည်းခြေလမ်းကြောင်းဆိုင်ရာ ရောဂါရှာဖွေ ကုသမှုများ၊ မျက်စိရောဂါဆိုင်ရာ အဆင့်မြင့်ခွဲစိတ်ကုသမှုများ၊ Arthroscope ဖြင့် အရိုးရောဂါဆိုင်ရာ အဆင့်မြင့်ခွဲစိတ်ကုသမှုများကို ပြည်ပ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုအပြင် တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများအနေဖြင့်လည်း ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

ပိုမိုမြင့်မားစေမည်

ယခုကဲ့သို့ နှစ်စဉ်ကျင်းပသည့် သုတေသနနီးနှောဖလှယ်ပွဲများ၌ တင်သွင်းကြသည့် သုတေသနတင်ပြချက် အသွင်အမျိုးမျိုးမှ ပေါ်ထွက်လာသော အချက်အလက်များကို ကုသရေးနယ်ပယ်နှင့် လေ့ကျင့်ရေးနယ်ပယ်များတွင် အချိတ်အဆက်မိမိဖြင့် ထိထိရောက်ရောက် အသုံးပြုခြင်းအားဖြင့် တပ်ဖွဲ့၏အရည်အသွေးကို ပိုမိုမြင့်မားသည်ထက် မြင့်မားစေမည်ဖြစ်ကြောင်း၊ ယနေ့ (၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ခေတ်မီရောဂါရှာဖွေခြင်းနှင့် အဆင့်မြင့်ကုသခြင်းလုပ်ငန်းများ၌လိုအပ်မည့် အဆင့်မြင့်ရောဂါရှာဖွေရေးကိရိယာများနှင့် အဆင့်မြင့်ဆေးဝါးများကို စုံစုံလင်လင်လာရောက်ပြသကြမည့် ဆေးကုမ္ပဏီများ၏ ပြခန်းခင်းကျင်းပြသရေးအစီအစဉ်ကိုလည်း ယခင်နှစ်များနည်းတူ ထည့်သွင်းထားကြောင်း သိရသည့်အတွက် ၎င်းပြခန်းများကို ကြည့်ရှုလေ့လာခြင်းဖြင့် ရောဂါရှာဖွေကုသခြင်းဆိုင်ရာ ဗဟုသုတများ ပွားများနိုင်မည်ဖြစ်ကြောင်း။

မိမိတို့အား ပေးအပ်ထားသည့်တာဝန်များကို ထမ်းဆောင်ရင်း မအားလပ်သည့်ကြားက သုတေသနလုပ်ငန်းများ လုပ်ဆောင်ပြီး နှစ်စဉ်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲတွင် သုတေသနတင်ပြချက် အသွင်အစုံဖြင့် တင်ပြဆွေးနွေးကြသည့် ဆေးဝန်ထမ်းတပ်ဖွဲ့မှ သုတေသီများအားလုံးကို အသိအမှတ်ပြုပါကြောင်း ပြောကြားပြီး နောင်နှစ်များတွင်လည်း အလားတူ သုတေသနတင်ပြချက်များ ပေါ်ထွက်လာအောင် ကြိုးပမ်းဆောင်ရွက်ရင်း ဆေးဝန်ထမ်းတပ်ဖွဲ့၏ အရည်အသွေးကို မြှင့်တင်နိုင်အောင် ဆောင်ရွက်သွားကြရေး မှာကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ခန်းမအတွင်း၌ ခင်းကျင်း ပြသထားသော သုတေသနပိုစတာများကို ဧည့်သည်တော်များနှင့်အတူ လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် (၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ဆေးနှင့်ဆေးပစ္စည်းပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ပြပွဲ၌ခင်းကျင်းပြသထားသော ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

ယင်းနောက် (၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲကို နံနက် ၉ နာရီခွဲတွင် ဆက်လက်ကျင်းပရာ စာတမ်းရှင်များက ဘာသာရပ်ဆိုင်ရာ စာတမ်း ၁၀ စောင်ကို ဖတ်ကြားတင်သွင်းကြပြီး နီးနှောဖလှယ်ပွဲကို ညနေ ၄ နာရီခွဲတွင် ရပ်နားလိုက်သည်။

အဆိုပါ နီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

တရုတ်-မြန်မာ ချစ်ကြည်စွာ

☆ မြန်မာ တရုတ်၊ တရုတ် မြန်မာ
နှစ်လွှာတစ်ခက်၊ စွယ်တော်ရွက်နှယ်
ခေတ်ဆက်ဆက်ပြောင်း၊ အချစ်မဟောင်းသည်
နှစ်ပေါင်းကြာရှည် ခဲ့လေပြီ။

☆ တပိန် ရွှေလီ၊ သံလွင်မည်သည့်
ရေကြည်လဲ့ဝင်း၊ မြစ်သုံးစင်းသည်
ချစ်ခြင်းသရုပ်၊ အဖြေထုတ်၏
တရုတ်ပြည်မှ၊ မြစ်ဖျားစ၍
မြန်မာ့မြေမှာ၊ စီးဆင်းလာသော်
မြစ်ညာမြစ်ကြေ၊ နေရာကွဲပြား
ရေမခြားဘဲ၊ တစ်သားတည်းနေ
တစ်ရေတည်းသောက်၊ မခန်းခြောက်သည့်
ပေါင်းဖော်ဆွေမျိုး၊ မေတ္တာနှီးလျက်
ချစ်ကြိုးခိုင်ခိုင် ချည်ခဲ့ပြီ။

☆ အေဒီရှစ်ရာ၊ ဝန်းကျင်မှာလျှင်
မြန်မာပြည်ဖွား၊ ပျူမင်းသားနှင့်
နောက်ပါးစုံညီ၊ တရုတ်ပြည်သို့
ချစ်ကြည်ရေးအတွက်၊ ခရီးဆက်ခဲ့
နည်းလက်ပျော့ပျောင်း၊ အကကောင်းသော
ငြိမ့်ညောင်းချိုမြ၊ တေးဆိုလှသော
ဂီတသဘင်၊ ပညာရှင်တို့
ယဉ်ကျေးမှုချင်း၊ တုံ့လှယ်နှင်းကာ
မိတ်ရင်းဆွေဟောင်း၊ ခိုင်မာကြောင်းလျှင်
နှစ်ပေါင်းထောင်ကျော် ခဲ့လေပြီ။

☆ အနော်ရထာ၊ နန်းတော်ရာကို
မကြာသေးမီ၊ တူးဖော်သည့်တွင်
ချစ်ကြည်ရေးသရုပ်၊ သက်သေထုတ်သော
တရုတ်အက္ခရာ၊ ကမ္ပည်းစာနှင့်
တွေ့ပါလေခဲ့၊ အိုးခြမ်းပဲ့များ
တကယ့်ဖြစ်စဉ်၊ သုံးသပ်လျှင်သော်
ချစ်ခင်ဆက်ဆံ၊ ကူးသန်းဟန်ကို
ပုဂံခေတ်က၊ သက်သေပြ၏
တူမျှသဘော၊ တုံ့လှယ်ပြောသည်
ချစ်သောနှစ်တွေ ရှည်ခဲ့ပြီ။

☆ ခေတ်သစ်ကမ္ဘာ၊ ယနေ့ခါလည်း
မေတ္တာချင်းဆိုင်၊ ချစ်ခြင်းပြိုင်သို့
နှစ်နိုင်ငံဖွား၊ ခေါင်းဆောင်များလျှင်
သွားလာဆက်ဆံ၊ စိတ်ရင်းမှန်၏
သူ့ထံကိုယ့်ထံ၊ ပြန်အလှန်ပင်
သံတမန်ခင်း၊ စေလွှတ်ခြင်းပြင်
ရင်းနှီးတူမျှ၊ မူဝါဒဖြင့်
မျှဝေစီးပွား၊ အကျိုးများအောင်
သူ့အားကူညီ၊ ကိုယ့်ကူညီနှင့်
ရည်ရွယ်ချက်ကောင်း၊ မေတ္တာလောင်းကာ
ပေါင်းဖော်မိတ်ဖက်၊ ချစ်ကြိုးဆက်ကာ
ရှေးထက်ခိုင်ကျည်ခဲ့လေပြီ။

☆ ဩော် ... မြန်မာ တရုတ်၊ တရုတ် မြန်မာ
နှစ်လွှာတစ်ခက်၊ စွယ်တော်ရွက်နှယ်
ခေတ်ဆက်ဆက်ပြောင်း၊ အချစ်မဟောင်းသည်
နှစ်ပေါင်းကြာရှည် ခဲ့လေပြီ။ ။

မြင်းမူမောင်နိုင်မိုး

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်ဆိပ်များစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ ကန် (၃)သစ်ဆိပ်နှင့် ပုဇွန်တောင်မြို့နယ် စက်ဆန်းသစ်ဆိပ်တို့သို့ ရောက်ရှိပြီး အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချမည့် လပ်ပုံများ အဆင့်အတန်း ခွဲခြားသတ်မှတ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသ၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

❍ ကျောဖုံးမှ

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အကြီး အကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသဝမ်းစာဖူလုံရေးအတွက် မိုးစပါး၊ နွေစပါး စိုက်ဧကများ တိုးချဲ့စိုက်ပျိုးဆောင်ရွက်ခြင်း၊ တစ်ဧက တင်း ၂၀၀ အထက် ထွက်ရှိသော ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါး မျိုးကောင်းမျိုးသန့် မျိုးပြောင်းလဲ အသုံးပြုစိုက်ပျိုး ဆောင်ရွက်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေခြင်းတို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ထို့နောက်ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်လှမြင့်က ဆင်းရွှေလီအထူးအထွက်တိုးစပ်မျိုး စပါးထုတ်လုပ်ပုံ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း နွေစပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် ဒေသဝမ်းစာဖူလုံပိုလျှံရေး ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာဦးလှကြီးက နွေစပါးတစ်ဧက တင်း ၂၀၀အထက် ထွက်ရှိရေး သော့ချက်နှင့် နည်းလမ်းများကိုလည်းကောင်း၊ ပြည်နယ် ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ဟူးမွန်ဆည်မှ ဆည်ရေဖြန့်ဝေပေးနိုင်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တိုးချဲ့စိုက်ပျိုး

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဂုဏ်ပြုစကား ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသဝမ်းစာဖူလုံရေး အတွက် အထူးအထွက်တိုး စပ်မျိုးစပါးများ၊ စိုက်နည်းစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေးစည်းရုံးဆောင်ရွက်သွားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုမည့် ဇီဝဒီဇယ်ဆီ ထုတ်လုပ်ရရှိနိုင်သည့် ခြစည်းရိုးကြက်ဆူပင် တိုးချဲ့စိုက်ပျိုးရေးကို အလေးထား၍ ဖြစ်ထွန်း အောင်မြင်အောင်စိုက်ပျိုးရေးတို့ကို အကျယ်တဝင့်ပြောကြားသည်။

ထို့နောက် ထူးချွန်တောင်သူများနှင့် ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က လယ်ယာစီးပွားထူးချွန်တတိယဆင့်ရ ပြည်နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးလှကြီး၊ ပြည်နယ် ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် ထူးချွန်တောင်သူများဖြစ်ကြသော ဦးစိုင်းစံထွန်း၊ ဦးစိုင်းစီနှင့်ဦးစောကျော်တို့အား ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက လယ်ယာစီးပွား ထူးချွန်တတိယဆင့်ရ တောင်သူဦးဆာထွန်းနှင့် တောင်သူ ဒေါ်ရန်ကျောင်းတို့အားလည်းကောင်း၊ စပ်မျိုးစပါး ဧက၆၀ကို အောင်မြင်စွာ ကြီးကြပ်စိုက်ပျိုးထုတ်လုပ်ခဲ့သည့် လားရှိုးခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးရင်မောင်သန်းနှင့် လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်းတို့အား လည်းကောင်း၊ ဟူးမွန် လယ်ယာနွေစပါး၊ မိုးစပါး၊ စပ်မျိုးစပါး စိုက်ပျိုးရေးလုပ်ငန်းများတွင် အားသွန်ခွန်စိုက်တက်ကြွစွာ ဆောင်ရွက်ခဲ့ကြသည့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မျိုးစေ့ တာဝန်ခံ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်လှမင်း၊ ဟူးမွန်မျိုးသန့်ခြံမန်နေဂျာ လက်ထောက်ကြီးကြပ်ရေးမှူး ဒေါ်ခင်စန်းတင့်တို့အား လည်းကောင်း ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်တို့က ၂၀၀၅ခုနှစ် ဟူးမွန်ဆည် ရေသောက်ဒေသ ဆင်းရွှေလီအထူး အထွက်တိုး စပ်မျိုးစပါး (F-1) ဧက ၆၀ကို အောင်မြင်စွာ ပူးပေါင်းပါဝင်စိုက်ပျိုးခဲ့သည့် တောင်သူ ၂၈ဦးတို့အား ဂုဏ်ပြုဆုများကိုချီးမြှင့်သည်။

ဆက်လက်၍ တောင်သူ ဦးစိုင်းစံထွန်းနှင့် တောင်သူ ဦးစိုင်းစီတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ထူးချွန်တောင်သူများ၊ ဝန်ထမ်းများနှင့်အတူမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဟူးမွန်ဆည်ရေသောက် ဆင်းရွှေလီအထူးအထွက်တိုးစပ်မျိုးစပါး တစ်ဧကပျမ်းမျှ တင်း ၂၀၀ အထက်ထွက်ရှိရေး လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးကြပ်စိုက်ပျိုးလျက်ရှိသော နွေစပါး တစ်ဆက်တစ်စပ်တည်း စံပြဧက ၁၀၀ ယှဉ်ပြိုင်ကွက်စိုက်ခင်းအတွင်း ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါး ပျိုးပင်များ ဖြစ်ထွန်းအောင်မြင်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းပြခန်းအတွင်း စိုက်ပျိုးရေး ပညာပေး နမူနာပြသထားသော ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါးပျိုးထောင်ခြင်း၊ စပါးပျိုးပင်များ ဖြစ်ထွန်း ရှင်သန်နေမှု အခြေအနေများနှင့် ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါး (F-1) မျိုးစေ့များ၊ အစေ့ထုတ်ပြောင်း၊ ဆင်းရွှေလီမွှေး (ဆန်မွှေး)၊ ဆင်းရွှေလီ အထူးအထွက်တိုး (R) မျိုးများ၊ မျိုးစေ့အရည် အသွေးများ၊ လယ်ယာ (၁၆) စပါးရိတ်သိမ်းစက်၊ လက်တွန်း ထွန်စက်များကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ကောက်ကွေ့ချောင်း

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပြည်နယ်ဆည်မြောင်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ကောက်ကွေ့ချောင်း ဆင်းရွှေလီ ရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်နယ် ဆည်မြောင်းဦးစီး

ဆင်းရွှေလီ အထူးအထွက်တိုး နွေစပါး ၇၀၅ ဧက ထွန်တုံးပိတ်သိမ်းပွဲတော်နှင့် ထူးချွန်တောင်သူများ၊ ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် ထူးချွန်ဝန်ထမ်းတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ကောက်ကွေ့ချောင်းဆင်းရွှေလီ ရေလှောင်တမံ တည်ဆောက်ရေး စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ တမံမြေသား လုပ်ငန်းများ၊ ရေထုတ်ပြွန်လုပ်ငန်း၊ ရေပိုလွှဲလုပ်ငန်းများ ပြီးစီးမှု၊ လုပ်ငန်းဆောင်ရွက်သည့် အနီးဝန်းကျင်တွင် ခြစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနိုင်ရေးအတွက် ခြစည်းရိုးကြက်ဆူပင်များ ပျိုးထောင်စိုက်ပျိုးခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရုပ်ပုံကားချပ်များဖြင့်လည်းကောင်း၊ ပြည်နယ် ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ် မုံးရင်းကျေးရွာအနီးတွင် တည်ဆောက်မည့် နမ့်ဆွမ်ချောင်း ရေလှောင်တမံ တည်ဆောက်ရေး လုပ်ငန်းစီမံကိန်းဆိုင်ရာ အချက်များနှင့် ကနဦးတိုင်းတာခြင်း လုပ်ငန်းဆောင်ရွက်မှုများအရ ဆည်ရေသောက်ဧရိယာ လယ်ဧက ၄၀၀၀ အကျိုးပြုနိုင်မည့် အလားအလာကောင်းများကို ရုပ်ပုံကားချပ်များဖြင့်လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က တိုင်းရင်းသား အဖွဲ့အစည်းများ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိနိုင်မည့် အခြေအနေများနှင့် နမ့်ဆွမ်ချောင်း ရေလှောင်တမံ တည်ဆောက်ရေး လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေး အတွက် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်အနီး ရှုရပ်မှ စက်ယန္တရားကြီးများဖြင့် ရေလှောင်တမံ မြေသားဖို့ခြင်း လုပ်ငန်း၊ ရေစစ် သဲဖြည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆည်အတွင်း ရေများ စတင်သိုလှောင်နိုင်မှု အခြေအနေ၊ ၂၅ ပေ အကျယ် ရေပိုလွှဲ (Spill Way) တည်ဆောက်ရေး၊ ကွန်ကရစ် အင်္ဂတေလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ စက်ယန္တရားများဖြင့် မြေသားလုပ်ငန်း ဆောင်ရွက်ရေး၊ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး၊ ရေပေးတူးမြောင်းများ သေသပ်ခိုင်ခံ့၍ ကြံ့ခိုင်မှုရှိရေးနှင့် စနစ်တကျ ဆောင်ရွက်ရေးတို့ကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကောက်ကွေ့ချောင်း ဆင်းရွှေလီ ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းခွင် အတွင်း ခြစည်းရိုးကြက်ဆူပင် မျိုးသန့်မျိုးပွားစံပြပျိုးဥယျာဉ်သို့ ရောက်ရှိကြပြီး မိုးဦးကျတွင် စိုက်ပျိုးရန် အသင့်ဖြစ်နေသော ခြစည်းရိုးကြက်ဆူ မျိုးကိုင်းပျိုးပင်နှင့် ခြစည်းရိုး ကြက်ဆူမျိုးစေ့ပျိုးပင် သုံးသောင်းခြောက်ထောင် ပျိုးထောင်ပြီးစီးမှုနှင့် ဖြစ်ထွန်းအောင်မြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေး အားပေးကြပြီး တာဝန်ရှိသူများအား ခြစည်းရိုးကြက်ဆူပင် စိုက်ဧကများ တိုးချဲ့ စိုက်ပျိုးဆောင်ရွက်ရေး မှာကြားသည်။

ရော်ဘာစိုက်ပျိုးရေး

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဟူးမွန်ဒေသ လူငယ်အားမာန် ရော်ဘာဧက ၂၀၀၀ စိုက်ပျိုးရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး စိုက်ပျိုးရေး တာဝန်ခံ ဦးမျိုးရီက ဘိန်းအစားထိုး နှစ်ရှည်မျိုးသန့် ရော်ဘာစိုက်ပျိုးရေး လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဟူးမွန်ဒေသ လူငယ့်အားမာန် ရော်ဘာစိုက်ပျိုးရေး လုပ်ငန်း၏ မှတ်တမ်းဓာတ်ပုံများ၊ နမူနာ ခင်းကျင်းပြသထားသော ရော်ဘာများ၊ ရော်ဘာခြစ် ပစ္စည်းကိရိယာများနှင့် ရော်ဘာပျိုးဥယျာဉ်အတွင်း ခေတ်မီ ရေဖြန့်ဝေရေးစနစ်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✧

ဆင်းရွှေလီ အထူးအထွက်တိုးနွေစပါး ၇၀၅ ဧက ထွန်တုံးပိတ်သိမ်းပွဲတော်နှင့် ထူးချွန် တောင်သူများ၊ ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထူးချွန်ဝန်ထမ်းတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆင်းရွှေလီအထူးအထွက်တိုးနွေစပါး ၇၀၅ ဧက ထွန်တုံးပိတ်သိမ်းပွဲတော်နှင့် ထူးချွန် တောင်သူများ၊ ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့် ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါးကို အောင်မြင်စွာ ပူးပေါင်းပါဝင် စိုက်ပျိုးခဲ့သည့် တောင်သူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

22-2)09.P65 1 1/4/32, 10:27 AM

ထိုင်းနိုင်ငံ–နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ လေ့လာရေးအဖွဲ့ဝင်များ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ထိုင်းနိုင်ငံ–နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ Maj. Gen. Sirichai Ratanavaraha ခေါင်းဆောင်သော သင်တန်းသား လေ့လာရေးအဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သန်းမောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ စစ်သံမှူး Col. Prissapa Suvanatat နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဖူးမြော်ကြည်ညို

ထိုင်းနိုင်ငံ–နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသား လေ့လာရေးအဖွဲ့ဝင်များသည် နံနက် ၁၁နာရီတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်၍ စေတီတော်ရင်ပြင်တောင်ဘက်ရှိ အာရုံခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်အား ပန်း၊ ဆီမီး၊ ရေချမ်းနှင့် နံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်းကြပြီး ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် သင်တန်းသား လေ့လာရေးအဖွဲ့ခေါင်းဆောင် ထိုင်းနိုင်ငံ–နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်မှ Maj. Gen. Sirichai Ratanavaraha သည် စေတီတော်၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး သင်တန်းသား လေ့လာရေးအဖွဲ့ဝင်များ၏ စုပေါင်းလှူဒါန်းငွေများကို ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ သင်တန်းသား လေ့လာရေး အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်အား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြရာ စေတီတော်အကြောင်း သိကောင်းစရာများကို ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

တွေ့ဆုံနှုတ်ဆက်

ထိုင်းနိုင်ငံ–နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ Maj. Gen. Sirichai Ratanavaraha ခေါင်းဆောင်သော သင်တန်းသားလေ့လာရေးအဖွဲ့ဝင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ စစ်သံမှူး Col. Prissapa Suvanatat လိုက်ပါလျက် မွန်းလွဲ ၂နာရီတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့သွားရောက်၍ ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းအား တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းက ရှင်းလင်းခန်းမ၌ ထိုင်းနိုင်ငံမှ သင်တန်းသား လေ့လာရေး အဖွဲ့ဝင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းနှင့် သင်တန်းသား လေ့လာရေး အဖွဲ့ ခေါင်းဆောင် Maj. Gen. Sirichai Ratanavaraha တို့သည် အမှတ်တရပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် ထိုင်းနိုင်ငံမှ သင်တန်းသားလေ့လာရေး အဖွဲ့ဝင်များသည် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ထိုင်းနိုင်ငံမှ သင်တန်းသား လေ့လာရေး အဖွဲ့ဝင်များသည် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

တွေ့ဆုံနှုတ်ဆက်

ထိုင်းနိုင်ငံ–နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ Maj. Gen. Sirichai Ratanavaraha ခေါင်းဆောင်သော သင်တန်းသား လေ့လာရေး အဖွဲ့ဝင်များ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းအား တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒုလ္လဘအပါး ၄၀၀ ရဟန်းခံပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

နှစ်စဉ်ကျင်းပမြဲဖြစ်သော အင်းစိန်မြို့နယ် အောင်ဆန်းမြို့တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇) ပဓာနနာယက ပြည်တွင်းပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ၏ (၁၄)ကြိမ်မြောက် ဒုလ္လဘအပါး ၄၀၀ ရဟန်းခံပွဲနှင့် (၁၀၅)ကြိမ်မြောက် ၁၀ရက်စခန်း တရားအားထုတ်ပူဇော်ပွဲ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ရက်မွန်းတည့် ၁၂နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ ရွှေမပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသက သြဝါဒကထာ မြွက်ကြားဖွင့်လှစ်ပေးသည်။ (က–ပ)

တပ်မတော်နေ့ အထိမ်းအမှတ်ရောင်စုံဓာတ်ပုံ ပြိုင်ပွဲဝင် ဓာတ်ပုံများ အကဲဖြတ်စိစစ်ရွေးချယ်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဓာတ်ပုံများ အကဲဖြတ်စိစစ်ရွေးချယ်ပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် ဦးဆောင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များက ပြိုင်ပွဲဝင်ဓာတ်ပုံများကို စိစစ်ရွေးချယ်ကြသည်။

အဆိုပါ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် **"ခေတ်မီဘက်စုံတည်ဆောက်ရေး"** ပြိုင်ပွဲဝင်ဓာတ်ပုံ ၉၃ပုံ **"ရှုချင့်စဖွယ် အမျိုးသားယဉ်ကျေးမှု"**ပြိုင်ပွဲဝင်ဓာတ်ပုံ ၁၁၄ပုံ ဝင်ရောက် ယှဉ်ပြိုင်ကြရာ စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များက အဆင့်ဆင့် အကဲဖြတ် စိစစ်ရွေးချယ်ကြသည်။

"ခေတ်မီဘက်စုံတည်ဆောက်ရေး" ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ဆုရပြီးသူများအတန်း၌ ပထမညောင်ဦးဖိုးချို၊ ဒုတိယ ရွှေအင်းသားခင်မောင်ဝင်းနှင့် အထူးဆုများတွင် အေကေမိုး (သတ္တဗေဒ)၊ ကိုစိန်ငွေး၊ ရွှေအင်းသားခင်မောင်ဝင်းနှင့် ဝေကြည်မိုး(ရန်ကုန်တက္ကသိုလ်)တို့က ရရှိကြသည်။ ဆုမရသေးသူများအတန်း၌ ပထမ ထင်အောင်(အင်းစိန်)၊ ဒုတိယ ကိုဦး၊ တတိယ တက္ကသိုလ် ဟန်မင်းဦး(Best Photo)နှင့် အထူးဆုများတွင် ပြည်စိုးထွန်း(ပန်းချီကော့သောင်း)၊ ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)၊ ကျော်ကျော်ဝင်း (မြန်မာနိုင်ငံ ဓာတ်ပုံအသင်း)၊ ဇော်ဇော်ထွန်း၊ ကိုဦးနှင့် လှိုင်မိုး(ရွှေအင်းသား)တို့က ရရှိကြသည်။

"ရှုချင့်စဖွယ် အမျိုးသားယဉ်ကျေးမှု" ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရပြီးသူများအတန်း၌ ပထမရွှေအင်းသားခင်မောင်ဝင်း၊ ဒုတိယကျော်သာ(ဟိုက်ချင်း)၊ တတိယ ဝေကြည်မိုး (ရန်ကုန်တက္ကသိုလ်)တို့က ရရှိကြပြီး အထူးဆုများတွင် ဦးလှမောင်၊ ကျော်သာ(ဟိုက်ချင်း)၊ အေကေမိုး (သတ္တဗေဒ)တို့က ရရှိကြသည်။ ဆုမရသေးသူများအတန်း၌ ပထမ တက္ကသိုလ်ဟန်မင်းဦး၊ ဒုတိယကိုစိန်ငွေး၊ တတိယ ပြည်စိုးထွန်း (ပန်းချီကော့သောင်း) တို့က ရရှိကြပြီး အထူး ဆုများတွင် ကိုမင်းမော်၊ ကျော်ကျော်ဝင်း (မြန်မာနိုင်ငံ ဓာတ်ပုံအသင်း)၊ ကိုဦး၊ စိုင်းခမ်းလင်း (Hawk Eyes)၊ ကိုစိန်ငွေး၊ ကိုစိန်ငွေးနှင့် ကျော်ဝင်းလှိုင်(ယဉ်ကျေးမှု တက္ကသိုလ်)တို့က အသီးသီးရရှိကြသည်။

ဆုရရှိကြသူများအား ၂၀၀၆ခုနှစ် (၆၁)ကြိမ်မြောက် တပ်မတော်နေ့ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။ (သတင်းစဉ်)



စိစစ်ရွေးချယ်

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ အတွက် ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၀၆ခုနှစ်(၆၁)နှစ်မြောက် တပ်မတော်နေ့စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးသိန်းစိန်ဦးဆောင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ စိစစ်ရွေးချယ်ကြစဉ်။ (သတင်းစဉ်)

ကွင်းဆင်းကြပ်မတ်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လင်း နားဖန်–ယမ်းမွန်လမ်း ကျောက်ချောခင်းနိုင်ရန်အတွက် ကျောက်များစုဆောင်းနေမှုနှင့် လမ်းဘေးရေမြောင်းတူးဖော်နေမှု အခြေအနေကို ဇန်နဝါရီ ၁၆ ရက်က ကွင်းဆင်းကြပ်မတ်နေစဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂–၂–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၀	၆။ မျိုးချစ်တပ်မတော်
၄:၅၀	၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၀၀	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀	၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ" (အပိုင်း–၁၃)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ ဗွီစီဒီကျော်ကြားတေးများ
	၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပါရမီရှင်သိုင်းလုလင်" (အပိုင်း–၂၀)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

22-2)10.P65 1 1/4/32, 10:27 AM

လယ်ယာ/ ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ချောင်းမငယ် ရေလှောင်တမံစီမံကိန်း စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၉ရက် နံနက် ၉နာရီတွင် မန္တလေးတိုင်း လယ်ဝေးမြို့နယ် ပန်းညိုစမ်းကျေးရွာအနီး၌ တည်ဆောက်နေသည့် ချောင်းမငယ် ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိသည်။

စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅) ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က စီမံကိန်း၏ အဓိကလုပ်ငန်းကြီးများဖြစ်သည့် ပင်မတမံတည်ဆောက်မှုတွင် ၄၀ရာခိုင်နှုန်း ကျော်ပြီးစီးမှု၊ ရေထုတ်ပြွန်နှင့် ရေပိုလွှဲတည်ဆောက်မှုတွင် ၉၀ရာခိုင်နှုန်း ပြီးစီးမှုနှင့် ပင်မတမံပြီးစီးရန် ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ဆည်ရေသောက်စနစ် တူးမြောင်းများ တည်ရှိမှုနှင့် ဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက တမံလုပ်ငန်းများ သတ်မှတ်ချိန်ပြီးစီးအောင် ကြိုးပမ်းတည်ဆောက်ရေး၊ ရေပေးတူးမြောင်းများ ပြီးစီးမှုနှင့် ဆည်ရေပေးမှု၊ သီးနှံစိုက်ပျိုးမှုတို့ကို အပိုင်းလိုက်ချိန်ကိုက် ဆောင်ရွက်ရေး၊ ရေလှောင်တမံဝန်းကျင်၌ စားပင်နှင့်ကြက်ဆူပင်များ စီးပွားဖြစ်စိုက်ခင်းတည်ထောင်ရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စိုက်ပျိုးထားသော သီးနှံစိုက်ခင်းများ၊ အရိပ်ရပင် စိုက်ခင်းများကို လည်းကောင်း၊ ပင်မတမံ တည်ဆောက်မှုနှင့် ရေထိန်းမျှော်စင် ရေထုတ်ပြွန် တည်ဆောက်မှု၊ ချောင်းပိုင်း၌ ရေတားတမံ တည်ဆောက်ပြီးစီးမှု၊ ရေပိုလွှဲအောက်ခြေကွန်ကရစ်လောင်းပြီး၍ ရေပိုလွှဲအောက်ပိုင်းမြေသားများ ရှင်းလင်းမှုကိုလည်းကောင်း၊ ကုန်းကြောတမံ (၁) တည်ဆောက်မည့်နေရာနှင့် ရေတားတမံ၌ ချောင်းရေသိုလှောင်ထိန်းထားမှုတို့ကိုလည်းကောင်း၊ စက်ယန္တရားအင်အားဖြင့် ပင်မတမံမြေဖို့ လုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပြသရှင်းလင်းသည်။

ချောင်းမငယ် ရေလှောင်တမံသည် ချောင်းမငယ်ချောင်းအား ထိန်းသိမ်းရေပေးဝေနိုင်ရန် တည်ဆောက်လျက်ရှိသော မြေသားတမံဖြစ်ပြီး ရေထုတ်ပြွန်သည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ အလျား ၃၈၉ပေရှိသည်။ ၆ပေ ၄ပေ တစ်ပေါက် ရေထုတ်ပြွန်ပါရှိသည်။ ရေပိုလွှဲသည် အကျယ်ပေ ၈၀၊ အလျားပေ ၅၉၀ရှိသည်။ ဆည်ရေပေးဝေနိုင်မှုမှာ ဧက ၈၀၀၀ ရှိမည်ဖြစ်ကြောင်းသိရှိရသည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီးသည် ပျဉ်းမနားမြို့ ရေဆင်းရှိ စိုက်ပျိုးရေးသုတေသန ဦးစီးဌာနသို့ ရောက်ရှိပြီး သုတေသနစိုက်ခင်း၌ ကြက်ဆူပျိုးပင်များ ပျိုးထောင်ထားမှုကို ကြည့်ရှုရာ ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်း၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးအောင်တို့က ပြသရှင်းလင်းကြသည်။

ယင်းနောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်ဌာနအကြီးအကဲများသည် ကြက်ဆူပျိုးပင်များကို သုတေသန စိုက်ခင်း၌ မျိုးအလိုက် စိုက်ပျိုးကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ပျဉ်းမနားမြို့ ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနစိုက်ကွင်းတွင် ခြစ်ညီးရိုးကြက်ဆူပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

ဆက်လက်၍ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် သုတေသနစပါးစိုက်ခင်းများကို ကြည့်ရှုရာ စိုက်ပျိုးရေးသုတေသနပညာရှင်များက ပြသရှင်းလင်းကြသည်။

ထို့နောက် ဝန်ကြီးသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ စိုက်ပျိုးနည်းစနစ် သုတေသန တွေ့ရှိချက်များ၊ စိုက်ပျိုးရေးဓာတုဗေဒ၊ ဇီဝနည်းပညာ၊ အပင်ရောဂါ၊ ပိုးမွှားကာကွယ်ရေး သုတေသနလုပ်ငန်း များကိုလည်းကောင်း ကြည့်ရှုရာ သုတေသနပညာရှင်များက ဘာသာရပ်အလိုက် သုတေသနပြုတွေ့ရှိချက်များ၊ မျိုးကောင်းမျိုးသန့်များ၊ ဇီဝမြေသြဇာတို့ကို ပြသရှင်းလင်းကြသည်။

ဆက်လက်၍ ဝန်ကြီးသည် သုတေသနပြခန်း၌ သီးနှံမျိုးများအလိုက် မှတ်တမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် စိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခဆရာ၊ ဆရာမများ၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ သုတေသနပညာရှင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက်များ အောင်မြင်အောင် ဝန်ကြီးဌာန၏ရည်မှန်းချက်များ ဖြစ်သည့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ စိုက်စရိတ် ကျဆင်းရေး၊ လေလွင့်ဆုံးရှုံးမှု လျှော့နည်းရေးတို့ကို ဝန်ကြီးဌာနရှိ ဌာနများ ညှိနှိုင်းဆက်စပ်ဆောင်ရွက်ကြရန်လိုကြောင်း၊ သုတေသန တွေ့ရှိချက်များ၊ တောင်သူလယ်သမားများထံ အမြန်ဆုံးနှင့် ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ရောက်ရှိ အကျိုးပြုကြရန် လိုကြောင်း၊ ဝန်ထမ်းသက်သာချောင်ချိရေးကိုလည်း ဆောင်ရွက်ရင်း စီးပွားဖြစ်သီးနှံ စိုက်ခင်းများကိုလည်း တည်ထောင်ကြရန် မှာကြားသည်။ (သတင်းစဉ်)

✧ **စာမျက်နှာ ၉ မှ**

ဖြင့် ပျိုးထောင် စိုက်ပျိုးထားသော မျိုးသန့်ရော်ဘာ (PR-107) နှင့် (BPM-24) မျိုးသန့် ရော်ဘာပျိုးပင်နှစ်သောင်း ပြုစုထားရှိမှု၊ လက်ခံပျိုးပင်များ ပျိုးထောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး အားပေးကြသည်။

စံပြပျိုးဥယျာဉ်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဟူးမွန်ကျေးရွာအနီး ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးကြပ်စိုက်ပျိုးလျက်ရှိသော ခြစ်ညီးရိုးကြက်ဆူပင် မျိုးသန့်မျိုးပွား စံပြပျိုးဥယျာဉ်သို့ ရောက်ရှိကြ၍ ခြစ်ညီးရိုးကြက်ဆူပင် မျိုးကိုင်းပျိုးပင် တစ်သိန်းနှစ်သောင်းကို ပျိုးဘောင်များပေါ် ပျိုးထောင်ထားရှိမှုနှင့် ဖြစ်ထွန်းအောင်မြင်မှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား မိုးဦးကျတွင် အချိန်မီ မြေချစိုက်ပျိုးနိုင်ရေး၊ မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးဆောင်ရွက်ရန် မှာကြားကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ခြစ်ညီးရိုးကြက်ဆူပင် မျိုးသန့်မျိုးပွား စံပြပျိုးဥယျာဉ်အတွင်း ခြစ်ညီးရိုးကြက်ဆူမျိုးစေ့ ပျိုးပင် တစ်သိန်းနှစ်သောင်းကို ပျိုးအိတ်များဖြင့် စနစ်တကျ ပျိုးထောင်ထားရှိမှုနှင့် ခြစ်ညီးရိုးကြက်ဆူ ပျိုးပင်ပေါက်များ အပင်ပေါက်နှုန်းညီညာစွာဖြင့် ဖြစ်ထွန်းအောင်မြင်နေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဟူးမွန်ဒေသ၌ ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ကြီးကြပ်စိုက်ပျိုးလျက်ရှိသော ခြစ်ညီးရိုးကြက်ဆူပင် မျိုးသန့်မျိုးပွား စံပြပျိုးဥယျာဉ်အတွင်း ခြစ်ညီးရိုးကြက်ဆူပင် တစ်သိန်းနှစ်သောင်းကို ပျိုးအိတ်များနှင့် ပျိုးဘောင်များတွင် တိုက်ရိုက်အစေ့ချစိုက်နည်းစနစ်နှင့် ပျိုးကိုင်းမျိုးပွားစိုက်နည်းများဖြင့် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားကြသည်။

စိုက်ပျိုးမြေဖော်ထုတ်

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဟူးမွန်ကျေးရွာအနီး နယ်မြေခံတပ်ရင်း၏ ခြစ်ညီးရိုးကြက်ဆူပင် မျိုးသန့်မျိုးပွား စံပြဧက ၁၀၀ စိုက်ခင်း ယာယီ ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ စိုက်ပျိုးရေးတာဝန်ခံ

အရာရှိ ဒုတိယဗိုလ်မှူးကြီးတင်ဝင်းက ခြစ်ညီးရိုးကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်း၊ စိုက်ပျိုးမြေ ၁၇၆ ဒသမ ၄ ဧက ဖော်ထုတ်၍ ခြစ်ညီးရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှု၊ ခြစ်ညီးရိုးကြက်ဆူပင် မျိုးစေ့နှင့် ပျိုးကိုင်းပင်များ စုဆောင်း၍ ပျိုးထောင်စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးနှင့်ဝန်ကြီးတို့က ခြစ်ညီးရိုးကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုးရေး၊ ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးရေးတို့ကို မှာကြားကြပြီး ခြစ်ညီးရိုးကြက်ဆူပင် မျိုးသန့်မျိုးပွား ပျိုးဥယျာဉ်အတွင်း မိုးဦးကျတွင် စိုက်ပျိုးရန် အသင့်ဖြစ်နေသော ခြစ်ညီးရိုးကြက်ဆူ ပျိုးကိုင်းပင်များ၊ အရွက်သစ်များဖြင့် ဖြစ်ထွန်းအောင်မြင်နေမှုနှင့် ခြစ်ညီးရိုးကြက်ဆူ ပျိုးကိုင်းပင်များပင်ကြားတန်း(၆ ပေ x ၆ ပေ)စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးပြီးစီးမှု၊ ဖြစ်ထွန်းအောင်မြင်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြ၍ ဆောင်ရွက်နေကြသော အိမ်ထောင်စုဝင်ရဲမေများအား ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကတိုင်းမှူး၏ဇနီး ဒေါ်ခင်သန့်စင်က စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ ရေပူစမ်းကျေးရွာအနီး ပြည်နယ်ရဲတပ်ဖွဲ့က ကြီးကြပ်စိုက်ပျိုးလျက်ရှိသော ဆင်းရွှေလီ အထူးအထွက်တိုးစပ် မျိုးစပါး၊ နွေစပါး စံပြဧက ၁၀၀ ယှဉ်ပြိုင်ကွက်စိုက်ခင်းသို့ ရောက်ရှိကြပြီး စိုက်ခင်းအတွင်း တပ်ဖွဲ့ဝင်များက မြေသြဇာကြဲပက်ဆောင်ရွက်နေမှု၊ ရဲမေများက တပျော်တပါး စုပေါင်းကောက်စိုက်နေမှုနှင့် ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါးပင်များ၏ ဖြစ်ထွန်းအောင်မြင်နေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့် မြို့နယ် ပြည် ထောင် စု ကြံ့ ခိုင် ရေး နှင့် ဖွံ့ဖြိုးရေးအသင်း က ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေး သင်တန်း အမှတ်စဉ် (၂၄)တွင် ဘက်စုံဆုရရှိသူ တစ်ဦးအား ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်း ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၂-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ အတီးပြိုင်ပွဲ
၈း၀၅ ၆။မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၅ ၇။ အဆိုပြိုင်ပွဲ
၈း၂၀ ၈။ ယူးချောင်းတံတား
၈း၃၀ ၉။ International News.
၈း၄၅၁၀။ Let's Go.
၉း၀၀၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ Practice In Reading.
၄း၄၀ ၄။ တေးဂီတအစီစဉ်
၄း၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ- ဒုတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅း၂၀ ၇။ အတီးပြိုင်ပွဲ
၅း၃၀ ၈။ သီချင်းကြီးပဒေသာ
၅း၄၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၅၀ ၁၀။ ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသ အခြေအနေ
၆း၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၀၀ ၁၄။ အရေးပြိုင်ပွဲ
၇း၀၅ ၁၅။ ပို့ကုန်ဈေးကွက်အလွန်အားထားတီလားပီးယားရေချိုငါး
၇း၂၀ ၁၆။ အကပြိုင်ပွဲ
၇း၃၅ ၁၇။ တေးဂီတအစီအစဉ်
၇း၄၅ ၁၈။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၈း၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ ၂၀၀၆ခုနှစ်(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပဒေသာကပွဲ (အပိုင်း-၁)
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

မီးဘေးရှောင် မလောင်ခင်တား

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၂-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ သာယာချိုတေး (၃၈)ဖြာမင်္ဂလာတေး (လူမိုက်နှင့်ကင်းချမ်းသာခြင်း)
၇း၁၅ အမှတ်(၄)အထပ်သားစက်ရုံ (ပုသိမ်)
၇း၂၅ တေးဂီတအစီအစဉ်
၇း၃၀ Myanmar Video Rhythm
၈း၁၅ သတိတစ်ချက် တစ်သက်အမှား (ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်)
၈း၂၅ ပြည်တွင်းသတင်းအကျဉ်း
၈း၃၅ ရှုချင်စရာမျက်လှည့်ပဒေသာ (အပိုင်း-၂)
၈း၅၀ တေးဂီတအစီအစဉ်
၈း၅၅ ကချင်ပြည်နယ် မိုးကောင်းတံတား
၉း၀၅ မြန်မာ့ခြင်းလုံး
၉း၁၅ တေးဂီတအစီအစဉ်
၉း၂၀ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း အကြောင်း
၉း၄၀ ဗွီစီဒီမိတ်ဆက် (ဘဝမှတ်တိုင်များ-၁)
၁၀း၀၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅ တေးဂီတအစီအစဉ်
၁၀း၁၀ ရန်ကုန်ထရန်စဖော်မာ
၁၀း၂၅ မိုးလေဝသခန့်မှန်းချက်
၁၀း၃၀ တေးဂီတအစီအစဉ်
၁၀း၃၅ ဆီစားသုံးခြင်းနှင့် ဝဖြိုးမှုအန္တရာယ်
၁၀း၄၅ ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅ တေးဂီတအစီအစဉ်
၁၁း၀၀ လက်ဆင့်ကမ်းဝေ ဂီတအမွေ(ဂီတာ)
၁၁း၃၀ စပ်မျိုးပြောင်း အမှတ်(၅)
၁၁း၃၅ တေးဂီတအစီအစဉ်
၁၁း၄၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀ စားချင်စဖွယ်မုန့်လုပ်နည်း အသွယ်သွယ် (အုန်းသီးကျောက်ကျော)
၁၁း၅၅ တေးဂီတအစီအစဉ်
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာအစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

၂း၀၀ Chelsea-Barcelona
လိုင်း: 5-Sports(Live)
Ajax-Inter Milan
လိုင်း: 5-Movies(Live)

ပြည်ပ အားကစားသတင်းများ

နိုင်ငံတကာ ဘောလုံးသတင်း အမှတ်ပေးပြိုင်ပွဲ ရပ်တည်မှု

အင်္ဂလိပ် ပရီမီယာလိဂ်

၁။ ချယ်လ်ဆီး	၆၆မှတ်
၂။ မန်ချက်စတာယူနိုက်တက်	၅၄မှတ်
၃။ လီဗာပူး	၅၁မှတ်

စပိန် အမှတ်ပေးပြိုင်ပွဲ

၁။ ဘာဆီလိုနာ	၅၉မှတ်
၂။ ဗလင်စီယာ	၄၉မှတ်
၃။ ရီးယဲယ်မဒရစ်	၄၈မှတ်

အီတလီ အမှတ်ပေးပြိုင်ပွဲ

၁။ ဂျူဗင်တပ်စ်	၆၇မှတ်
၂။ အင်တာမီလန်	၅၇မှတ်
၃။ အေစီမီလန်	၅၅မှတ်

ဂျာမနီ အမှတ်ပေးပြိုင်ပွဲ

၁။ ဘိုင်ယန်မြူးနစ်	၅၅မှတ်
၂။ ဟမ်းဘတ်ဂ်	၄၇မှတ်
၃။ ဝါဒါဘရီမန်	၄၆မှတ်

ပြင်သစ် အမှတ်ပေးပြိုင်ပွဲ

၁။ လီယွန်	၅၉မှတ်
၂။ ဘော်ဒိုး	၅၂မှတ်
၃။ လီလီ	၄၄မှတ်

မှတ်ချက်။ ။ ၂၁-၂-၂၀၀၆ ရက်နေ့အထိ ရပ်တည်ချက်ဖြစ်ပါသည်။

ချန်ပီယံလိဂ် ရှုံးထွက် ပထမအကျော့ဘောလုံးပြိုင်ပွဲ

၂၃-၂-၂၀၀၆

ချယ်လ်ဆီးနှင့် ဘာဆီလိုနာ
အေဂျက်နှင့် အင်တာမီလန်

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ

၂၅-၂-၂၀၀၆

ချယ်ဆီးနှင့် ပို့စ်မောက်
ဘလက်ဘန်းနှင့် အာဆင်နယ်

၂၆-၂-၂၀၀၆

နယူးကာဆယ်နှင့် အဲဗာတန်
လီဗာပူးနှင့် မန်ချက်စတာစီးတီး

(ကြေးမုံ)



ဖေဖော်ဝါရီ ၁၉ ရက်က ဘဲဂရိတ်တွင် ကျင်းပသော Hypo Alpe-Adria Open တင်းနစ်ပြိုင်ပွဲတွင် အနိုင်ရရှိသည့် ဆာဘီးယား တင်းနစ်သမား ဂျန်ကို တစ်ဆာရီဗစ်၏ ယှဉ်ပြိုင်ကစားဟန်။ *(ဓာတ်ပုံ-အင်တာနက်)*

အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၆) ယှဉ်ပြိုင်ကစား

ရောမ ဖေဖော်ဝါရီ ၂၁

အီတလီနိုင်ငံ ရောမမြို့တွင် တနင်္ဂနွေနေ့က ကျင်းပသော စီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ် (၂၆)၏ရလဒ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

ချီယေဗို (၀) - ပါလာမို (၀)

ပါလာမိုအသင်းသည် ပထမပိုင်းတွင် ကစားကွက်အသာဖြင့် ချီယေဗိုအသင်းကို စိုးမိုးထားခဲ့သည်။ ပထမပိုင်းမပြီးဆုံးမီ လေးမိနစ်အလိုတွင် အင်ဒရေကာရာစီယိုလို ကန်ပို့ပေးလိုက်သည့်ဘောလုံး မြေသို့မကျမီ မာရီယာနိုဂွန်ဇာလက်က ဂိုးပေါက်သို့အမြန် ကန်သွင်းလိုက်သော်လည်း ဘောလုံးမှာ ဂိုးတိုင်ဘားတန်းကိုသာ ထိမှန်ခဲ့သည်။

ဖီအိုရင်တီးနား (၁) - လာဇီယို (၂)

ဧည့်သည် လာဇီယိုအသင်းသည် ဖရန့်ချီအားကစားကွင်းတွင် လာရောက်ယှဉ်ပြိုင်ခြင်းမရှိမီ ဖီအိုရင်တီးနားအသင်းသည် အိမ်ကွင်း၌ ၁၃ပွဲ ကစားခဲ့ရာ ၁၂ ပွဲ အနိုင်ရရှိခဲ့သည်။ သို့ရာတွင် ယခုပွဲတွင်မူ ဖီအိုရင်တီးနားအသင်းမှာ မိမိ၏ အိမ်ကွင်းတွင် ရှုံးနိမ့်ခဲ့သည်။

လက်ချီ (၀) - ရက်ဂျီးနား (၀)

လက်ချီအသင်းသည် တောင်ပိုင်းသား အချင်းချင်းယှဉ်ပြိုင်ရသည့်ပွဲတွင် သရေကစားနိုင်ခြင်းဖြင့် အမှတ်ပေးဇယားတွင် အမှတ်အနည်းဆုံးရှိသည့် အုပ်စုမှ ရုန်းထွက်နိုင်ရန် အထောက်အကူရရှိခဲ့သည်။ သို့ရာတွင် လက်ချီအသင်းသည် တန်းဆင်းဇုန်သို့ရောက်ရှိရန် အမှတ်ရှစ်မှတ် ကွာဟနေဆဲဖြစ်သည်။

အေအက်စ်ရိုးမား (၁) - အမ်ပိုလီ (၀)

အေအက်စ်ရိုးမားအသင်းသည် စီးရီးအေဘောလုံးသမိုင်းကြောင်းတွင် ၁၀ပွဲဆက်တိုက် အနိုင်ရသည့်အသင်းအဖြစ် ယခုပွဲတွင် စံချိန်တင်နိုင်သည်။ သို့ရာတွင် အသင်းခေါင်းဆောင် ဖရန့်ဆက်စကိုတော်တီသည် ပွဲချိန် ၁၂မိနစ်တွင် ခြေပွတ်တိုင်လည်သည့် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် ထမ်းစင်ဖြင့် ထုတ်သွားရသည်။

အမ်အင်အေ၊ရိုက်တာ။

ဖေဖော်ဝါရီ ၁၉ ရက်က စီးရီးအေ ဘောလုံးပြိုင်ပွဲတွင် အေအက်စ်ရိုးမား အသင်းမှ ခရစ္စတီယန်ချီဗူး (ဝဲ)နှင့် အမ်ပိုလီအသင်းမှ နီကိုလာ ပိုဇီတို့အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပသော အီတလီစီးရီးအေဘောလုံးပြိုင်ပွဲတွင် ပါ(လ်)မိုအသင်းမှ အာဂျင်တီးနားလူမျိုး ကွင်းလယ်ကစားသမား နီကိုလပ်စ်ဂွန်ဇာလက်(ဝဲ)နှင့် ချီယေဗိုအသင်းမှနောက်တန်းလူ ဆယ်လ်ဗေတိုလန်နာတို့ ဘောလုံးရရှိရေး ယှဉ်ပြိုင်ကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အက်ဒရီယာအိုးပင်း တင်းနစ်ပြိုင်ပွဲ ဆာဘီးယားတင်းနစ်သမား ဗိုလ်စွဲ

ဘဲဂရိတ် ဖေဖော်ဝါရီ ၂၁

ဆာဘီးယားနှင့် မွန်တီနီဂရိုး တင်းနစ်ကစားသမား ဂျန်ကိုတစ်ဆာရီဗစ်သည် မြို့တော် ဘဲဂရိတ်တွင် တနင်္ဂနွေနေ့က ကျင်းပသော ပဋ္ဌမအကြိမ် ဟိုင်ပိုအယ်လ်ဖ်အက်ဒရီယာအိုးပင်း နိုင်ငံတကာ တင်းနစ်ပြိုင်ပွဲ၌ အနိုင်ရဗိုလ်စွဲသွားသည်။ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ချီးမြှင့်သည့် ယင်းတင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ရက်တွင် စတင်ကျင်းပခဲ့သည်။

အက်ဒရီယာအိုင်းပင်း နိုင်ငံတကာ တင်းနစ်ပြိုင်ပွဲ၏ အေတီပီချယ်လင်ဂျာပွဲစဉ် တစ်ဦးချင်း ဗိုလ်လုပွဲတွင် လက်ရွေးစင်အဆင့် သတ်မှတ်ချက်၌ မပါဝင်သော တစ်ဆာရီဗစ်က ချက်သမ္မတနိုင်ငံမှ တိုမက်စ်ကားလ်ကို ၆-၄၊ ၄-၁ဖြင့် ဦးဆောင်ကစားခဲ့သည်။ ယင်းနောက်တွင် တစ်ဆာရီဗစ်၏ ပြိုင်ဘက်မှာ ပခုံးတွင် ထိခိုက်အနာတရဖြစ်မှုကြောင့် အနားတောင်းခဲ့ရသည်။

နုတ်ထွက်

ကမ္ဘာ့အဆင့် သတ်မှတ်ချက်အရ ၁၃၇ နေရာတွင်ရှိသော တစ်ဆာရီဗစ်သည် အကြိုဗိုလ်လုပွဲတွင် ပြင်သစ်နိုင်ငံမှ မိုက်ကယ်ဂျိုဒရာကို ၆-၄၊ ၂-၁ဖြင့် အနိုင်ရရှိခဲ့သည်။ ဂျိုဒရာမှာလည်း ထိခိုက်အနာတရ ဖြစ်မှုကြောင့် ပြိုင်ပွဲမှ နုတ်ထွက်လိုက်ရသည်။

နှစ်ယောက်တွဲ ဗိုလ်လုပွဲတွင် ဂျာမနီနိုင်ငံမှ မိုက်ကယ်ကိုးလ်မင်းနှင့် အလက်ဇန္ဒာဝက်စ်အတွဲက ချက်သမ္မတနိုင်ငံမှ အိုင်ဗိုမင်နာနှင့် ဂျန်မင်နာအတွဲကို အနိုင်ရ ဗိုလ်စွဲခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာရှဘောလုံးအဖွဲ့ချုပ် လုပ်ငန်းကော်မတီ အစည်းအဝေးတက်ရန် မလေးရှားသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မလေးရှားနိုင် ကွာလာလမ်ပူမြို့တွင် ဖေဖော်ရီ ၂၂ ရက်၌ ကျင်းပမည့် အာရှဘောလုံးအဖွဲ့ချုပ် လုပ်ငန်းကော်မတီများ အစည်းအဝေးတက်ရောက် ရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (အဖွဲ့ဝင် Finance & Marketing လုပ်ငန်းကော်မတီ အာရှဘောလုံးအဖွဲ့ချုပ်) နှင့် အထွေထွေအတွင်းရေးမှူး ဦးတင်အောင် (အဖွဲ့ဝင် Security & Fair Play လုပ်ငန်းကော်မတီ၊ အာရှဘောလုံးအဖွဲ့ချုပ်) တို့သည် ယနေ့ နံနက် ၉နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

(အပေါ်ပုံ) (ကြေးမုံ)

ပြည်တွင်း အားကစားသတင်းများ

မြန်မာလိဂ် အဆင့်မြင့်တန်းပွဲ ကမ္ဘောဇအသင်းက ရထားကိုနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းက အနိုင်ရရှိသွားသည်။

အောင်ဆန်းကွင်း

ကမ္ဘောဇအသင်း နှစ်ဂိုး
(ထွန်းမင်းဦးနှင့် ထွန်းထွန်းဝင်း)
ရထားပို့ဆောင်ရေးအသင်း ဂိုးမရှိ
ဒိုင်လူကြီး ဦးဝင်းချို

ကျင်းပဆဲ အမှတ်ပေးပွဲတွင် မျှော်မှန်းသလောက် ရလဒ်မကောင်းသေးသော ကွင်းဖွင့်၊ ကွင်းပိတ်ချန်ပီယံ ကမ္ဘောဇအသင်းအတွက် စတုတ္ထမြောက် နိုင်ပွဲဖြစ်စေခဲ့သည်။

တန်းဆင်းဇုန်နားမှလွတ်ရန် ကြိုးစားနေသော ရထားပို့ဆောင်ရေးအသင်းမှာ ကမ္ဘောဇအသင်းကို ခြေရည်တူ ကစားနိုင်ခဲ့သော်လည်း ဂိုးသွင်းမသေချာ၍ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ထွန်းမင်းဦး၊ ဟန်ဝင်းအောင်နှင့် နေဝင်းတို့ ဦးဆောင်ကစားလာသည့် ရဲမောင်မောင် ခေါင်းတိုက်သွင်းရာ တိုင်ထိထွက်လာစဉ် ထွန်းမင်းဦးက ထပ်ဆင့် ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရရှိသွား၍ ကမ္ဘောဇအသင်းက တိုက်စစ်ပိုမြိုင်လာပြီး မိနစ် ၂၀တွင် ထွန်းထွန်းဝင်းက ပယ်နယ်တီအစပ်မှ မနားတမ်း ကန်သွင်းယူခဲ့၍ ကမ္ဘောဇအသင်း ဒုတိယအနိုင်ဂိုး ထပ်မံရရှိခဲ့သည်။

ကျန် မိနစ်၇၀တွင် ရထားပို့ဆောင်ရေးက ကမ္ဘောဇထက် ဂိုးသွင်းခွင့်များ ပိုမိုရရှိခဲ့သည်။ သို့သော် ဂိုးပေါက်မတည့်ခြင်း၊ ဂိုးသမား မျိုးလွင်ဦး လက်စွမ်းပြ ကာကွယ်ခဲ့ခြင်းကြောင့် နှစ်သိမ့်ဂိုးပင်မရဘဲ ရထားအရေး နိမ့်ခဲ့ရခြင်းဖြစ်သည်။

ယခုပွဲအနိုင်ရရှိလိုက်၍ ကမ္ဘောဇအသင်းမှာ ၁၁ ပွဲကစား၊ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ ငါးပွဲရှုံး ရှစ်ဂိုးသွင်း ၁၅ဂိုးပေး၊ ၁၄ မှတ်ဖြင့် အဋ္ဌမနေရာသို့ ရောက်ရှိလာသည်။ ရထားပို့ဆောင်ရေးအသင်းမှာ ၁၁ပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ ခုနစ်ပွဲရှုံး၊ ၁၃ဂိုးသွင်း၊ ၂၇ဂိုးပေး၊ ၁၀မှတ် ရရှိထားသည်။

ကမ္ဘောဇအသင်း တိုက်စစ်မှူး ထွန်းမင်းဦး၏ခေါင်းတိုက် ဂိုးသွင်းမှုကို ရထားပို့ဆောင်ရေး ဂိုးသမား စံထွေး အမိအရ ကာကွယ်စဉ်။
(ကြေးမုံ)

ကမ္ဘောဇအသင်းမှာ ဇာနည်မောင်၊ စန်းလွင်ဦး (ယူ-၁၇ လက်ရွေးစင်)၊ စံထွေး (လက်ရွေးစင်ဟောင်း) တို့ပါဝင်သည့် ရထားပို့ဆောင်ရေးအသင်း၏ အနိုင်မခံ၊ အရှုံးမပေး စိတ်ဓာတ်ဖြင့် ကစားမှုကြောင့် ခက်ခဲစွာ ကစားပြီးမှ သုံးမှတ် အပြည့်ရခဲ့ခြင်းဖြစ်သည်။

တိုက်စစ်ဖွင့်

ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့် ကစားကြရာပွဲမှာ သွက်လက်ခဲ့သည်။ ကမ္ဘောဇအသင်းအတွက် အဖွင့်ဂိုးကို ၁၃ မိနစ်တွင် ပြည့်စုံအောင် ကန်တင်ပေးသော ဘောလုံးကို

ယနေ့ပွဲ

ညနေ ၃နာရီခွဲ
(အောင်ဆန်းကွင်း)
မြို့တော်စည်ပင်နှင့် ဘဏ္ဍာ/အခွန်
(သုဝဏ္ဏကွင်း)
ဆောက်လုပ်ရေးနှင့်ပို့ဆောင်ရေး
(ကြေးမုံ)

မြန်မာနိုင်ငံ ဆရာဝန်များအသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံ ဆရာဝန်များအသင်း ဂေါက်ရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအစီအစဉ်အရ ဖေဖော်ဝါရီဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၆ နာရီတွင် မြို့တော်ဂေါက်ကွင်း (မြကန်သာ) ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။
(သတင်းစဉ်)

(၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ မြန်မာပိုက်ကျော်ခြင်းအသင်း ပါဝင်ယှဉ်ပြိုင်ရန် လေ့ကျင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

သတင်း-ညီညီစိုးညွှန့်၊ ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

(၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ကာတာနိုင်ငံ ဒိုဟာမြို့တွင် ဒီဇင်ဘာ ၁ရက်မှ ၁၅ရက်အထိ ကျင်းပမည်ဖြစ်သည်။

အာရှအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ဆုတံဆိပ်ရရှိရန် အလားအလာ ကောင်းသည့် အားကစားနည်းများကိုသာ ဝင်ရောက်ယှဉ်ပြိုင်ရန် လျာထားရာ အဆိုပါ အားကစားနည်းများအနက် ပိုက်ကျော်ခြင်း အားကစားနည်းလည်း ပါဝင်သည်။ ယခုအခါ ပဏာမလက်ရွေးစင် ၃၀ကို ရွေးချယ်ပြီး လေ့ကျင့်ပေးလျက်ရှိသည်။

ပဏာမ ပိုက်ကျော်ခြင်းလက်ရွေးစင်များ ကြံ့ခိုင်မှုအတွက် အပြေးလေ့ကျင့်နေစဉ်။ ဓာတ်ပုံ-စိုးညွှန့် (ကြေးမုံ)

မြန်မာပိုက်ကျော်ခြင်း အားကစားအဖွဲ့သည် အာရှအားကစားပြိုင်ပွဲ၌ ဆုတံဆိပ်ရရှိသည့် အစဉ်အလာရှိပေသည်။ ပိုက်ကျော်ခြင်းအားကစားသည် အာရှအားကစားပြိုင်ပွဲတွင် ၁၉၉၀ ခုနှစ် (၁၁)ကြိမ်မြောက်ပြိုင်ပွဲကျမှ စတင်ပါဝင်လာခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သည့် ၁၉၉၈ခုနှစ် (၁၃)ကြိမ်မြောက်တွင် ရွှေတစ်ခု၊ ငွေသုံးခု၊ ကြေးနှစ်ခု၊ တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့တွင် ကျင်းပခဲ့သည့် ၂၀၀၂ခုနှစ် (၁၄)ကြိမ်မြောက်တွင် ငွေတစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိထားသည်။

ပြင်ဆင်လေ့ကျင့်

ယခု (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင်လည်းအောင်မြင်မှုအစဉ်အလာ ထိန်းသိမ်းနိုင်ရန် မြန်မာပိုက်ကျော်ခြင်းအဖွဲ့သည် စတင်ပြင်ဆင်လေ့ကျင့်နေပြီဖြစ်သည်။ ကြိုတင်ပြင်ဆင်နေမှုများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဉာဏ်ထွန်း (ညွှန်ကြားရေးမှူး အား/ကာ)က ဖိလစ်ပိုင်ဆီးဂိမ်းအပြီး တစ်လကျော် စခန်းသွင်း လေ့ကျင့်မှုရပ်နားခဲ့ပြီး ယခုအာရှအားကစားပြိုင်ပွဲအတွက် ဇန်နဝါရီ ၁၅ရက်မှ စတင်စခန်းသွင်းလေ့ကျင့်ခဲ့ကြောင်း၊ အမျိုးသား၊ အမျိုးသမီး ပဏာမလက်ရွေးစင် ၃၀ကို စခန်းသွင်းလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲက ဒီဇင်ဘာလမှ ကျင်းပမည်ဖြစ်၍ လေ့ကျင့်ချိန် လုံလုံလောက်လောက်ရရှိပါကြောင်း၊ ယခုပြိုင်ပွဲကာလတွင် ကြံ့ခိုင်မှုကိုဦးစားပေးလေ့ကျင့်နေပါကြောင်း၊ ကာယကြံ့ခိုင်မှုပိုင်းနှင့်ပတ်သက်၍ ကျွမ်းဘားအဖွဲ့ချုပ်မှ ဦးအောင်မင်းက လေ့ကျင့်ပေးထားပါကြောင်း။

ယခု ဒိုဟာအာရှအားကစားပြိုင်ပွဲမတိုင်မီ ပြည်ပပြိုင်ပွဲများ ယှဉ်ပြိုင်ရန် မရှိသေးကြောင်း၊ သို့သော် ထိုင်းနှင့်မလေးရှားက ပြိုင်ပွဲမတိုင်ခင် ဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပရန်ရှိကြောင်း၊ ထို့ပြင် အိမ်ရှင်ကာတာနိုင်ငံကလည်း ဩဂုတ်လနှင့် စက်တင်ဘာလတွင် အကြိုပြိုင်ပွဲကျင်းပနိုင်ကြောင်း၊ မိမိတို့က လည်း ဖိတ်ခေါ်ပြိုင်ပွဲကျင်းပရန် ဆန္ဒရှိကြောင်း၊ ယခုပြိုင်ပွဲမှာ အာရှအဆင့်ပြိုင်ပွဲဖြစ်၍ ဂျပန်၊ ကိုရီးယားတို့ ပါဝင်လာသော်လည်း ထိုင်း၊ မြန်မာ၊ မလေးရှား၊ ဗီယက်နမ်လောက် မကောင်းကြောင်း၊ ထို့ကြောင့် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များကို အရှေ့တောင်အာရှနိုင်ငံများသာရရှိနိုင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ "အာရှအားကစားပြိုင်ပွဲတွင် နှစ်ယောက်တွဲ၊ သုံးယောက်တွဲနှင့် Hoop Takraw သုံးမျိုး ကျင်းပမည်ဖြစ်ကြောင်း၊ ထိုသုံးမျိုးထဲတွင် မိမိတို့က Hoop Takraw ၌ အားသာကြောင်း၊ ကျန်ပြိုင်ပွဲများမှာလည်း သူတင်ကိုယ်တင်ရှိကြောင်း၊ အမှားနည်းသူက အနိုင်ရသွားမည်ဖြစ်ကြောင်း၊ မိမိတို့က အကုန်လုံးကို အကောင်းဆုံးပုံစံရအောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များရရှိအောင် ယခုကတည်းက အစွမ်းကုန်လေ့ကျင့်နေပါကြောင်း" ကြေးမုံသို့ ပြောကြားသွားသည်။

စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိသော ပဏာမလက်ရွေးစင် အားကစားသမားများမှာ အမျိုးသား-ကျော်သီဟဦး၊ စည်သူလင်း၊ ဇော်ဇော်အောင်၊ ဇော်လတ်၊ ရာဇာထွန်း၊ အောင်ချိုမြင့်၊ ဥက္ကာစိုး၊ သန့်ဇော်ဦး၊ သိန်းဇော်မင်း၊ မောင်မောင်စိန်၊ အောင်ကျော်မိုး၊ အောင်ဇော်၊ အောင်လှိုင်မို့၊ ခင်မောင်ထူး၊ ချစ်ဇော်အောင်၊ ဇော်ဇော်အောင်၊ ဇော်ထိုက်အောင်၊ ဇင်မောင်သန်းထိုက်၊ အောင်ကိုလတ်၊ အောင်မျိုးဆွေ၊ ထွန်းထွန်းနိုင်၊ အောင်ကျော်ဦး၊ အမျိုးသမီး-ကြူကြူသင်း၊ ခင်နုနုဖြိုး၊ စိုးဆင့်ဆင့်အောင်၊ နိုင်နိုင်ဝင်း၊ မာမာဝင်း၊ မေဇင်ဖြိုး၊ ခင်အေးမော်၊ စုတင်ဇာနိုင်၊ နွယ်နွယ်ထွေး၊ သီတာအေးနှင့် ကေဇင်ထွဋ်တို့ဖြစ်ကြသည်။ နည်းပြဆရာများအဖြစ် ဦးတင်ဝင်း၊ ဦးသန်းလွင်၊ ဦးသိန်းဌေး၊ ဦးစံရှိန်၊ ဦးမိုးကျော်သူ၊ ဦးအောင်မင်း (Physical)နှင့် ဒေါ်စန်းစန်းဌေးတို့က လေ့ကျင့်ပေးလျက်ရှိသည်။

ဆုဆွတ်ခူးထား

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်သည် ပြီးခဲ့သည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ထိုင်း၊ မလေးရှား စသည့် နိုင်ငံများကို ကျော်ဖြတ်ကာ ရွှေသုံးခု၊ ကြေးသုံးခု ဆွတ်ခူးရရှိထားရာ လာမည့် ဒိုဟာ အာရှအားကစားပြိုင်ပွဲ၌လည်း နိုင်ငံအတွက် အဖိုးတန်ဆုတံဆိပ်များ ဆွတ်ခူးရယူနိုင်မည်ဖြစ်သည်။
(ကြေးမုံ)

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ပဲခူးမြို့ ဟံသာဝတီဂေါက်ကွင်း၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာ-ပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ ၂၀၀၅-၂၀၀၆ခုနှစ် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ရက်မှ မတ် ၁ရက်အထိ ပဲခူးတိုင်း ပဲခူးမြို့နယ် ဆယ်မိုင်ကုန်းရှိ ဟံသာဝတီဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။



ပြိုင်ပွဲတွင် Professional အဆင့်ပြိုင်ပွဲ၊ အမျိုးသား အပျော်တမ်းအဆင့် (အကျောပေး ၀ မှ ၁၂)နှင့် အမျိုးသမီး အပျော်တမ်း (အကျောပေး ၀ မှ ၂၄) ဟူ၍ ခွဲခြားကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသော ဂေါက်သီးရိုက် အားကစားသမား မောင်မယ်များသည် ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဟံသာဝတီ ဂေါက်ကွင်းရှိ ပြိုင်ပွဲရုံးသို့ အမည်စာရင်း ပေးသွင်းနိုင်ပြီး ပြိုင်ပွဲနှင့် ပတ်သက်၍ ဖုန်း ၀၉-၈၈၇၂၅၅၄၊ ၅၄၂၈၇၈၊ ၀၅၂-၂၂၂၅၄တို့သို့ မေးမြန်းစုံစမ်းနိုင်သည်။
(သတင်းစဉ်)

ဆေးဝန်ထမ်းတပ်ဖွဲ့ကို အရည်အသွေးမြင့်မားပြီး အားကိုးအားထားပြုရသည့်အဖွဲ့အစည်းဖြစ်ရန် ဆောင်ရွက်နေ သုတေသနနှီးနှောဖလှယ်ပွဲများ၌ တင်သွင်းကြသည့် သုတေသနတင်ပြချက်များမှ ပေါ်ထွက်လာသည့်အချက်အလက်များကို ကုသရေးနယ်ပယ်နှင့် လေ့ကျင့်ရေးနယ်ပယ်များတွင် အချိတ်အဆက်မိမိ ထိထိရောက်ရောက်အသုံးပြု

ရန်ကုန် ဖေဖော်ဝါရီ ၂၁

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်–၅၀၀) ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး (၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဆေးနှင့်ဆေးပစ္စည်းပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

(၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တပ်မတော်အရာရှိကြီးများ၊ မင်္ဂလာဒုံတပ်နယ်မှ တပ်မတော်အရာရှိများ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ ဆေးရုံ၊ ဆေးတပ်ရင်းများမှ တပ်မှူးများ၊ ပါရဂူများ၊ သူနာပြုအရာရှိများ၊ အုပ်ချုပ်မှု အရာရှိများ၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တို့မှ ပါရဂူများ၊ ဘွဲ့လွန်သင်တန်းသား အရာရှိများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့တို့မှ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ စာတမ်းရှင်များ၊ သုတေသီများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကအဖွင့်အမှာစကားပြောကြားရာတွင် တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဦးဆောင်စီမံမှုဖြင့် နှစ်စဉ် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများကို ၁၉၉၀ပြည့်နှစ်က စတင်ကျင်းပလာခဲ့သည်မှာ (၁၄)ကြိမ်မြောက်အထိ ရှိခဲ့ပြီဖြစ်ကြောင်း၊ စစ်ဘက်ဆိုင်ရာနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏အောက်တွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတစ်ခုအဖြစ် ဖွဲ့စည်းခဲ့သည့် တပ်မတော်ဆေးသုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ရောဂါကာကွယ်နှိမ်နင်းရေး၊ ကုသရေး၊ရောဂါရှာဖွေရေးနှင့်ဆေးပညာ သင်ကြားရေးနယ်ပယ်များ၌ စဉ်ဆက်မပြတ် သုတေသနလုပ်ငန်းများလုပ်ဆောင်ရန်နှင့် ပြန်လည်အသုံးချနိုင်ရေးအတွက် အဓိကတာဝန်ရှိကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ➪

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



ကြည့်ရှုစစ်ဆေး

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များ ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါးပျိုးပင်များ ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ဆင်းရွှေလီအထူးအထွက်တိုးနွေစပါးထွန်တုံးပိတ်သိမ်းပွဲတော်နှင့် ထူးချွန်တောင်သူများ၊ ဝန်ထမ်းများအား ဆုချီးမြှင့်ပွဲတက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်သည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်တို့နှင့်အတူ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီတွင် လားရှိုးမြို့ ဟူးမွန်ဆည်ရေသောက် ဆင်းရွှေလီအထူးအထွက်တိုးနွေစပါး စံပြ ၈၂၁ ဧက စိုက်ခင်းအနီးရှိ ဆင်းရွှေလီ တောင်သူလယ်သမားခန်းမ၌ ကျင်းပသော ဆင်းရွှေလီအထူးအထွက်တိုး နွေစပါး ၇၀၅ ဧက ထွန်တုံးပိတ်သိမ်းပွဲတော်နှင့် ထူးချွန်တောင်သူများ၊ ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းမှူး၏ဇနီး ဒေါ်ခင်သန့်စင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်နယ်၊ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတောင်သူများတက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❍